ပြဟ္မစရိယဥ္စ တော် မင်္ဂလ မုတ္တမံ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၁)၊ အမှတ် (၃၅၀)

နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်လာမည်

တနင်္သာရီတိုင်း၌ ဆီအုန်းကေ ါင်းသိန်း စိုက်ပျိုးပြီး ပြည်တွင်းစားသုံးဆီ ဖူလုံရေး ထိုမှတစ်ဆင့်ပို့လျှံသည်များကိုပြည်ပတင်ပို့ရေးတို့အတွက် ၁၉၉၉ ခုနှစ်မှစ၍ လုပ်ကိုင်ခဲ့ လက်ရှိကုမ္ပဏီများ၊ ဒေသခံများ၊ တပ်ရင်းတပ်ဖွဲ့များ၏ စိုက်ပျိုးမှုများအရ ဆီအုန်းကေတစ်သိန်းကျော် ပေါ်ထွက်လာနေပြီ၊ တနင်္သာရီတိုင်းသည် နောင်မကြာမီနှစ်များအတွင်း နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်လာတော့မည်။

နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ် ပီပြင်အောင်မြင်အောင် တည်ဆောက်သွားမည်
လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏စေတနာနှင့်မျှော်မှန်းချက်တို့ပြန်ပြီး ပူးပေါင်းလုပ်ကိုင်
အခြေခံကျသည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်မှ ဂုဏ်သိက္ခာရှိသောတိုင်းပြုပြည်ပြုလုပ်ငန်းရှင်ဖြစ်မည်
ဆီအုန်းလုပ်ငန်းရှင်များ နိုင်ငံအကျိုးမိမိအကျိုးရှုမျှော်ပြီး မျိုးကောင်းမျိုးသန့်ဆီအုန်းများ တိုးချဲ့စိုက်ပျိုး

ရန်ကုန် စက်တင်ဘာ ၁၆

နှစ်ရှည်ပင်လုပ်ငန်းနှင့်လယ်မြေ၊ယာမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့်တွေ့ဆုံညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)ကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်ဆွေးနွေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ ✻**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှစ်ရှည်ပင်လုပ်ငန်းနှင့်လယ်မြေ၊ယာမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)သို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း **သတင်း ဆောင်းပါး အညွှန်း**

ခါးသီးနောင်ကြဉ်ဖွယ်ကောင်းသော သင်ခန်းစာများ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က "အီရတ်စစ်ပွဲစတင်ကတည်းက ခါးသီးနောင်ကြဉ်ဖွယ်ကောင်းသော သင်ခန်းစာများကို ကိုယ်စီကိုယ်င ရရှိထားကြပြီးဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၊ကုလသမဂ္ဂနှင့် အခြားသော အဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် သင်ခန်းစာပင် ဖြစ်ကြောင်း၊ နိုင်ငံများအချင်းချင်း လက်တွဲပူးပေါင်းပြီး ကုလသမဂ္ဂမှတစ်ဆင့် ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု နောက်ဆုံးတွင် လူတိုင်းက ကောက်ချက်ချမည်သာဖြစ်ကြောင်း" ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

(ဘာသာပြန်သတင်းဆောင်းပါး အတွင်းစာမျက်နှာ–၃တွင် ဖတ်ရှုနိုင်ပါသည်။)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

နိုင်ငံနှင့်လူမျိုး အစွန့်ရှည် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး အသိပညာ၊ အတတ်ပညာများ စဉ်ဆက်မပြတ် လေ့လာဆည်းပူး

နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်ရေးသည် အပြန်အလှန်ဆက်စပ်နေသည်။ ထို့ကြောင့် ပြည်ထောင်စုကြီး၏နယ်မြေအစိတ်အပိုင်းအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်ဒေသများအပါအဝင် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍအသီးသီး၌ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည့်အနက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို နိုင်ငံတော်ကအတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာလ ၆ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားရာတွင်-

"ခေတ်သစ်၊စနစ်သစ်နှင့်နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရန်နှင့် စောင့်ရှောက်ထိန်းသိမ်းနိုင်ရန်အတွက် ပညာရေးကဏ္ဍကလည်း ခေတ်နှင့်အညီ စွမ်းရည်ထက်မြက်မှုနှင့် ကျွမ်းကျင်မှုရှိသည့် လူ့အရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ မွေးထုတ်နိုင်သည့် ပညာရေးစနစ်မျိုးကို ပြောင်းလဲထူထောင်နိုင်မှလည်း မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ အနာဂတ်သည် ရှင်သန်နိုင်မှာဖြစ်ကြောင်း"

ပြောကြားသွားသည်။

ယနေ့ခေတ်၊ယနေ့ကာလသည် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ အံ့မခန်းတိုးတက်နေသည့်ကာလဖြစ်သည်။ ယခုကဲ့သို့ ပြောင်းလဲတိုးတက်နေသော အချိန်အခါတွင် နိုင်ငံတော်အစိုးရက မိမိနိုင်ငံ၏ အနာဂတ်ကို မျှော်မှန်းတွက်ဆပြီး အမျိုးသားအကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် ပညာတတ် နိုင်ငံသားများ မွေးထုတ်ရေးအတွက် ပညာရေးစနစ်များကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသည်။

ပညာရေးလုပ်ငန်း တာဝန်များသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားများကို ရေရှည်အဆုံးအဖြတ်ပေးမည့် တာဝန်များဖြစ်သည်။ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ နိုင်ငံသားများ၏ အသိပညာနှင့်အတတ်ပညာ အဆင့်အတန်းမြင့်မားမှုသည် အဓိကကျလျက်ရှိသည်။ နိုင်ငံသားများ၏ အသိပညာနှင့် အတတ်ပညာသည် အနာဂတ်နိုင်ငံတော်အတွက် ခိုင်မြဲသည့် အရင်းအမြစ်များဖြစ်သည်။

ထို့ကြောင့် နယ်ပယ်ကျယ်ဝန်းပြီး အလျင်အမြန်တိုးတက်ပြောင်းလဲနေသည့် အသိပညာ၊ အတတ်ပညာများ ကြွယ်ဝစေရန် ပညာရေးကဏ္ဍမှ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ ကြိုးပမ်းအားထုတ်လေ့လာဆည်းပူးမှုများ လက်တွေ့ကျကျ ပေါ်ထွက်နေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း ကျောင်းအသီးသီးတွင် အနာဂတ်ကိုရဲရဲဝံ့ဝံ့မျှော်မှန်းထားသည့် အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်မော်ကွန်းများအား မွန်မြတ်ခိုင်မာစွာ စိုက်ထူထားကြသည်ကို အားရဖွယ်မြင်တွေ့နေရသည်။ ဤမျှော်မှန်းချက်သည် နိုင်ငံနှင့်လူမျိုးအစွန့်ရှည်ကြာစွာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန်အတွက် ပညာရေးကဏ္ဍ၏ မြင့်မားမွန်မြတ်သည့် ယုံကြည်ချက်များပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံနှင့်လူမျိုး အနာဂတ်ရှင်သန်ခိုင်မာစေရန်အတွက် ပညာရေးကဏ္ဍမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် မျှော်မှန်းထားသည့် အမျိုးသားပညာရည် စီမံကိန်းရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး သင်ယူကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောစိုက်ခင်း၊အထူးကျွန်းစိုက်ခင်းများ ထိန်းသိမ်းစောင့်ရှောက် တရားမဝင်သစ်ထုတ်လုပ်မှုပပျောက်ရေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်ရှင်းလင်းမှာကြား

ရန်ကုန် စက်တင်ဘာ ၁၆

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးမြင့်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ သစ်တောရေးရာ လုပ်ငန်းကိစ္စရပ်များ ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးသည် စက်တင်ဘာ ၁၂ရက်တွင် မြစ်ကြီးနားမြို့ ပြည်နယ်သစ်တောဦးစီးဌာနရုံးသို့ရောက်ရှိရာ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ်အထွေထွေမန်နေဂျာတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနား-ရွှေဘို ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ဟိုပင်မြို့ အင်းတော်ကြီးဒေသရုံးသို့ရောက်ရှိပြီး ဟိုပင်သစ်ဆိပ်ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် နန့်စီးအောင်သစ်ဆိပ်၊ အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအနီး ၁၉၆၉ ခုနှစ် ပျဉ်းကတိုးစိုက်ခင်း ဧက ၁၀၀ သစ်စေ့ထုတ်ဧရိယာ၊ ဖက်ဆွတ်ကြိုးဝိုင်း အကွက်အမှတ် (၂၉)ရှိ ၁၉၀၆ ခုနှစ် ကျွန်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် စက်တင်ဘာ၁၃ရက် နံနက်ပိုင်းတွင် ကသာမြို့ရှိ သစ်ဆိပ် ခရိုင်သစ်တောဦးစီးဌာန ရွှေလီ-မဘိမ်း သစ်ထုတ်ရေးဒေသရုံး၊ ယာဉ်ယန္တရားပြုပြင်ရေးအလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေဘို-မြစ်ကြီးနား ကားလမ်း၊ ဖက်ဆွတ်ကြိုးဝိုင်း အကွက်အမှတ်(၄၂)ရှိ ၁၉၆၆ခုနှစ် ကျွန်း၊ ပျဉ်းကတိုးစိုက်ခင်းများကိုလည်းကောင်း၊ အင်းတော်ဘူတာ သစ်ဆိပ်ကိုလည်းကောင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် ထီးချိုင့်မြို့နယ် ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀ (၁/၂၀၀၄ စိုက်ခင်း)ကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်တရစိုက်ပျိုး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကောလင်းမြို့နယ် သော်ကြိုးဝိုင်း အကွက်အမှတ်(၄) ကျွန်းအထူးစိုက်ခင်း ၂၀၀၄-၂၀၀၅ခုနှစ် စိုက်ခင်း ဧက ၂၅၀ ကိုလည်းကောင်း၊ ဥဒုံးပင် ကျေးရွာရှိ ကျွန်းအထူးစိုက်ခင်းကို လည်းကောင်း ရောက်ရှိစစ်ဆေးပြီး ညပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ကန့်ဘလူမြို့နယ် စံပယ်နံ့သာကြိုးဝိုင်း အကွက်အမှတ် (၂၉၊ ၄၂၊ ၄၃)ရှိ သစ်ထုတ်လုပ်သော ကုမ္ပဏီများက နိုင်ငံတော်အတွက် စိုက်ပျိုးပေးလျက်ရှိသော ကျွန်းစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တင်ဝင်းထွန်းကုမ္ပဏီမှ ဦးတင်ဝင်းထွန်းက ကျွန်းစိုက်ခင်း စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများမှာကြားပြီး ကျွန်းစိုက်ခင်းနှင့်ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးကာ ကျွန်းပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ခရီးစဉ်အတွင်း သစ်ဆိပ်များ၊ သစ်တောစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ သစ်တောစိုက်ခင်း၊ အထူးကျွန်းစိုက်ခင်းများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ တရားမဝင်သစ်ထုတ်လုပ်မှု ပပျောက်ရေး တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၇-၉-၂၀၀၄

(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **ရှင်ပြုပွဲ** (အရှေ့တိုင်းပညာအထူးပြု-ပထမနှစ်)
- ၅:၃၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"**(အပိုင်း-၁၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီတေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"**(အပိုင်း-၈)

စက်တင်ဘာ ၁၄ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ် (၃) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်နိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

အီရတ်စစ်ပွဲသည် တရားသောစစ်ပွဲမဟုတ်ဟု ကိုဖီအာနန် ဘီဘီစီအားပြောကြား

အီရတ်အားကျူးကျော်တိုက်ခိုက်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကိုဖောက်ဖျက်ခြင်းဖြစ်ဟုဆို

(ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ဘီဘီစီသတင်းဌာနတို့ တွေ့ဆုံမေးမြန်းခန်းသတင်းကို Iraq war illegal, says Annan ဟူသော ခေါင်းစဉ်ဖြင့် ၁၆–၉–၂၀၀၄ ရက်စွဲပါ BBC News World Edition ကဏ္ဍ၌ ဖော်ပြထားသည်ကို အင်တာနက်တွင် တွေ့ရှိရသဖြင့် ဘာသာပြန်ဆိုဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။)

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့်မကိုက်ညီသည့်အပြင် တရားမျှတမှုနှင့်ဆန့်ကျင်နေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဘီဘီစီအား ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအား ယင်းသို့အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းကို တစ်ဦးတစ်ဖွဲ့က တစ်ဖက်သတ်မလုပ်သင့်ဘဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီကသာ ဆုံးဖြတ်သင့်သည်ဟု ၎င်းကဆိုသည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ သိသိသာသာ တိုးတက်မှုမရှိသေးသည်နှင့်အမျှ ဇန်နဝါရီလတွင် ကျင်းပရန်စီစဉ်ထားသည့် ရွေးကောက်ပွဲမကျင်းပနိုင်မည်ကို မိမိစိုးရိမ်ပူပန်မိကြောင်းလည်း ကိုဖီအာနန်ကပြောကြားသွားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဆက်လက်ပြောကြားရာတွင် အီရတ်စစ်ပွဲစတင်ကတည်းက ခါးသီးနောင်ကြဉ်ဖွယ်ကောင်းသော သင်ခန်းစာများကို ကိုယ်စီကိုယ်ငရရှိထားကြပြီးဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၊ ကုလသမဂ္ဂနှင့် အခြားသောအဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် သင်ခန်းစာပင်ဖြစ်ကြောင်း၊ နိုင်ငံများအချင်းချင်း လက်တွဲပူးပေါင်းပြီး ကုလသမဂ္ဂမှတစ်ဆင့်ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု နောက်ဆုံးတွင် လူတိုင်းက ကောက်ချက်ချမည်သာဖြစ်ကြောင်း ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ကိုဖီအာနန်က ပြောကြားသွားသည်။

ကုလသမဂ္ဂ၏ အတည်ပြုချက်နှင့် နိုင်ငံတကာအသိုက်အဝန်း၏ ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံမှုမရရှိဘဲ ထိုအီရတ်ပုံစံ စစ်ဆင်ရေးမျိုးကို နောင်အရှည်ကာလတွင် မိမိတို့တွေ့မြင်ကြရတော့မည်မဟုတ်ဟု မိမိမျှော်လင့်ကြောင်းဖြင့်လည်း ၎င်းက ထည့်သွင်းပြောကြားသွားသည်။

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းသည် တရားဝင်၊ မဝင် ၎င်း၏အမြင်ကို မေးမြန်းရာ၌ ကိုဖီအာနန်က ယင်းစစ်ပွဲသည် မိမိတို့အမြင်တွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း၊ ပဋိညာဉ်စာတမ်းရှုထောင့်မှကြည့်လျှင် ယင်းစစ်ပွဲသည် တရားမျှတမှုနှင့်ဆန့်ကျင်သည့်စစ်ပွဲဖြစ်ကြောင်း ဖြေကြားသွားသည်။

အီရတ်ရွေးကောက်ပွဲမကျင်းပမီတွင် ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံအား အကြံဉာဏ်နှင့် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော် ရွေးကောက်ပွဲကို အစီအစဉ်အတိုင်းကျင်းပရေးကိစ္စမှာ အီရတ်ကြားဖြတ်အစိုးရပေါ်တွင်မူတည်ကြောင်း၊ အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ယခုအတိုင်းသာ ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲမျိုးဖြစ်မလာနိုင်ကြောင်းဖြင့်လည်း ကိုဖီအာနန်က ဆက်လက်သတိပေးပြောကြားလိုက်သည်။

အီရတ်နိုင်ငံကို စစ်အင်အားအသုံးပြုတိုက်ခိုက်မှုအတွက် ဗြိတိန်အစိုးရ၏ ရပ်တည်ချက်သည် တရားဥပဒေနှင့်ညီညွတ်ကြောင်း ရှေ့နေချုပ်က ဆိုထားသည်ဟု ဗြိတိန်နိုင်ငံခြားရေးရုံး ပြောခွင့်ရပုဂ္ဂိုလ်က ကိုဖီအာနန်၏ ပြောကြားချက်ကို တုံ့ပြန်ပြောကြားလိုက်သည်။

အီရတ်ရွေးကောက်ပွဲကို ဇန်နဝါရီလတွင် ကျင်းပနိုင်အောင် အပြည့်အဝတာဝန်ယူထားကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီဥပဒေများကိုလည်း အတည်ပြုပြီး လွတ်လပ်သောရွေးကောက်ပွဲကျင်းပရေးကော်မရှင်တစ်ရပ်ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်မှာ ကြီးမားလှပြီး သတ်မှတ်ချိန်မှာ တိုတောင်းလှကြောင်း၊ သို့ရာတွင် အီရတ်ပြည်သူများက ရွေးကောက်ပွဲ ပြုလုပ်ရန် အမှန်တကယ်ပင် လိုလားကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရ အမျိုးသမီးက ဆက်လက်ပြောကြားသည်။

အီရတ်ရွေးကောက်ပွဲကျင်းပရေးသည် ပုံမှန်လမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်သည်ဟုလည်း ဗြိတိသျှ ကြည်းတပ်ဗိုလ်ချုပ်ကြီး ဆာမိုက်ဂျက်ဆင်က စက်တင်ဘာ ၁၅ရက်နေ့၌ ဘီဘီစီအသံလွှင့်အစီအစဉ်မှတစ်ဆင့် ပြောကြားသည်။

လူတိုင်းလူတိုင်း လိုအပ်သော ကြိုးပမ်းအားထုတ်မှုများပြုလုပ်ပြီး အစီအစဉ်များ စနစ်တကျချမှတ်နိုင်မည်ဆိုလျှင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်လိမ့်မည်ဟု အီရတ်ပြည်သူတို့က လုံးဝယုံကြည်ထားကြောင်းဖြင့် ၎င်းက ပြောကြားသည်။

လူ၄၇ဦးသေဆုံးခဲ့ရသော ဘဂ္ဂဒက်မြို့လယ် အီရတ်ရဲစခန်းအနီး ကားဗုံးပေါက်ကွဲမှုနှင့် လူ ၁၂ဦး သေဆုံးခဲ့ရသည့် ဘာကူဘာမြို့တွင်း ရဲကားတစ်စီးကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားပြီး နောက်တစ်ရက်တွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အကြမ်းဖက်မှုများကြောင့် မဲပေးမှုအချို့ကို ထိခိုက်ကောင်း ထိခိုက်နိုင်သော်လည်း ရွေးကောက်ပွဲကြီးတစ်ခုလုံးအနေဖြင့်မူ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် အာလာဝီက ယခုသီတင်းပတ်အစပိုင်းက ပြောကြားခဲ့သည်။

မည်သို့ဆိုစေကာမူ အကြမ်းဖက်သမားများ၏ ပယောဂကြောင့် လူသုံးသိန်းခန့် မဲမထည့်သည့်တိုင်အောင် လူ ၂၅ သန်းမဲပေးမှုကို ထိခိုက်ပြောင်းလဲသွားစေမည် မဟုတ်ကြောင်းဖြင့်လည်း ဝန်ကြီးချုပ် အာလာဝီက တိုင်းမ်စ်နှင့် ဂါဒီယန်သတင်းထောက်များအား ပြောကြားလိုက်သည်။

ပြဿနာများရှိနိုင်ကြောင်း၊ သို့သော် ယင်းပြဿနာကြောင့် ရွေးကောက်ပွဲကို ထိခိုက်လိမ့်မည်ဟု မထင်ကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်း အဆိုပါ ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလမ်းပြမြေပုံနှင့် ပတ်သက်၍လည်း များစွာစိတ်ပျက်မိကြောင်း ဝန်ခံပြောကြားသွားသည်။

ယင်းကဲ့သို့ စိတ်ပျက်မိသော်လည်း မိမိတို့အနေဖြင့် လက်မြှောက်အရှုံးမပေးကြောင်း၊ အခြေအနေအရပ်ရပ်ကို သုံးသပ်ရန်နှင့် ရှေ့ဆက်လက်၍ မည်သို့မည်ပုံ ဆောင်ရွက်မည်ကို ညှိနှိုင်းရန်အတွက် လာမည့်သီတင်းပတ်တွင် အမေရိကန်ပြည်ထောင်စု၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ (အီးယူ)နှင့် ရုရှားတို့ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်းလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။ ။

ဘဂ္ဂဒက်၊ ဘာကူဘာနှင့်ရာမာဒီတို့၌ ဗုံးခွဲမှုနှင့်တိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက အင်္ဂါနေ့၌ ဘဂ္ဂဒက်တွင် ကားဗုံးဖောက်ခွဲပြီး ဘာကူဘာ၌ ရဲအဖွဲ့ကို ချုံခိုတိုက်ခိုက်ကာ ရာမာဒီ၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားတို့ တိုက်ပွဲများဖြစ်ပွားခဲ့ရာတွင် လူ၇၃ဦးထက်မနည်း သေဆုံးခဲ့သည်။

ဗုံးဖောက်ခွဲမှုကြောင့် ဘဂ္ဂဒက်တွင် လူ၅၀ သေဆုံးခဲ့ရာ ယင်းအနက် ၄၇ဦးမှာ ရဲဌာနချုပ် အပြင်ဘက်၌ ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ထားသောကားကို ဖောက်ခွဲလိုက်ခြင်းကြောင့် သေဆုံးခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲချိန်၌ ဒါဇင်များစွာ ရဲဌာနချုပ်အပြင်ဘက်တွင် တန်းစီနေကြသည်ကိုတွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ဟိုင်ဖာလမ်းမကြီးအတွင်း ပေါက်ကွဲမှုကြောင့် လူ ၄၇ဦးသေဆုံးပြီး ၁၁၄ဦးဒဏ်ရာရခဲ့ကြောင်း ပြောကြားသည်။

ပေါက်ကွဲ

တစ်ဆက်တည်းနီးပါး စီမံကိန်းဝန်ကြီးဌာနအနီး၌ နောက်ထပ်ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အခြားအီရတ်နှစ်ဦး ဒဏ်ရာပြင်းထန်စွာရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ အင်္ဂါနေ့၌ အီရတ်နိုင်ငံ ဘာကူဘာမြို့၌ ရဲအဖွဲ့ကို ခုခံတိုက်ခိုက်ရေးသမားများက ချုံခိုတိုက်ခိုက်ခဲ့ရာ အီရတ်ရဲအဖွဲ့ဝင် ၁၂ဦးနှင့် ယာဉ်မောင်း သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရခဲ့သည်။

အရပ်ဘက်ကားနှစ်စီးက တာရာခရိုင်တွင် လမ်းပိတ်ရပ်ထားပြီး ထိုကားပေါ်မှ လူများဆင်းလာကာ ရဲအဖွဲ့၏ ဘတ်စ်ကားငယ်ကို ပစ်ခတ်ခဲ့ကြကြောင်း ရဲအရာရှိ မိုဟာမက်မာဘာရော့ခ်က ပြောကြားသည်။

ရာမာဒီ၌ ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်ပွားသည့် တိုက်ပွဲတွင် လူ၁၀ ဦးသေဆုံးပြီး ၂၂ဦး ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ ရဲဌာနချုပ်ရုံး အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သည့် အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှု ခံယူနေသည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ ငရဲတံခါးများပွင့်နေ အာရပ်အဖွဲ့ချုပ်အကြီးအကဲ ပြောကြား

ကိုင်ရို စက်တင်ဘာ ၁၅

အာရပ်အဖွဲ့ချုပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ကိုင်ရိုတွင် ယမန်နေ့က အစည်းအဝေး ပြုလုပ်ခဲ့ကြရာ အာရပ်အဖွဲ့ချုပ် အကြီးအကဲ အမ်ရာမူဆာက အီရတ်၌ ငရဲတံခါးများ ပွင့်နေကြောင်း ပြောကြားလိုက်သည်။

လွှမ်းမိုး

အဆိုပါ အာရပ်အဖွဲ့ချုပ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် အီရတ်နိုင်ငံအရေးကိစ္စနှင့် လက်ဘနွန်၌ ဆီးရီးယားနိုင်ငံ၏ အခန်းကဏ္ဍ အကြောင်းကိစ္စတို့က အဓိက လွှမ်းမိုးထားသည်။ အစည်းအဝေးစချိန်မှာ ဘဂ္ဂဒက်မြို့တွင်းနှင့် ဝန်းကျင်၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့က နှစ်ကြိမ်အကြီးအကျယ် တိုက်ခိုက်မှုကြောင့် လူ ၆၀ ထက်မနည်း သေဆုံးရသည့်ချိန်ဖြစ်သည်။

ပစ်မှတ်ထား

အဖွင့်မိန့်ခွန်းပြောကြားသော အမ်ရာမူဆာက အီရတ်တွင်ငရဲတံခါးများပွင့်နေကြောင်း၊ အီရတ်နိုင်ငံ၏ အကျပ်အတည်းကို အချုပ်အခြာအာဏာ ပြန်လည်ထူထောင်ခြင်း၊ အမေရိကန်တို့၏ သိမ်းပိုက်မှု အဆုံးသတ်စေခြင်းဖြင့် အာရပ် နိုင်ငံခြားရေးဝန်ကြီးများ အကူအညီပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။ယင်း အာရပ်အဖွဲ့ချုပ် အစည်းအဝေးတွင် အာရပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက အရပ်သားများ၊ ရဲအဖွဲ့၊ လုံခြုံရေးတပ်နှင့် သတင်းစာဆရာ သံတမန်များနှင့် လူသားချင်းစာနာ ကူညီသူများကို ပစ်မှတ်ထားတိုက်ခိုက်သည့် အကြမ်းဖက်ပုံစံများအားလုံးကို ပြစ်တင်ရှုတ်ချခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ

စက်တင်ဘာ ၁၅ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင်၁၀၁၉ ဦးရှိပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြ သည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင်အီရတ်နိုင်ငံ၌သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

စက်တင်ဘာ၁၅ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၁၉ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၆၉ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး၂၅၀မှာ အခြား အကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၅ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။ သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၈၁ဦးဖြစ်ပြီး ယင်းအနက်၆၆၀ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၂၁ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

သြစတြေးလျ လုံခြုံရေးအစောင့်နှစ်ဦး ဆာမာရာ၌ ပြန်ပေးဆွဲခြင်းခံရ

ဆာမာရာ စက်တင်ဘာ ၁၅

အီရတ်နိုင်ငံ ဆာမာရာမြို့တွင် သြစတြေးလျ လုံခြုံရေး အစောင့်နှစ်ဦး ပြန်ပေးဆွဲခေါ်ဆောင်ခြင်းခံခဲ့ရသည်။ ၂၄ နာရီအတွင်း သြစတြေးလျတပ်ဖွဲ့များ အီရတ်နိုင်ငံအတွင်းမှ ဆုတ်ခွာမပေးပါက ဓားစာခံနှစ်ဦးအား သတ်ပစ်မည်ဟု ပြန်ပေးသမားတို့က ခြိမ်းခြောက်ထားသည်။

ပြောင်းလဲမည်မဟုတ်

အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကြောင့် ၎င်း၏နိုင်ငံခြားရေးမူဝါဒများကို ပြောင်းလဲမည်မဟုတ်ကြောင်း သြစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဖော်လူဂျာမြို့အား အမေရိကန် တပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို စက်တင်ဘာ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်းရှိ ရေနံပိုက်လိုင်းနှစ်လိုင်းတိုက်ခိုက်ခံရ မီးလောင်ပေါက်ကွဲပြီး တူရကီနိုင်ငံသို့ ရေနံတင်ပို့မှုရပ်ဆိုင်း

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံပိုက်လိုင်းနှစ်လိုင်းအား ခုခံတိုက်ခိုက်ရေးပြောက်ကျားများက အင်္ဂါနေ့၌ တိုက်ခိုက်သဖြင့် တူရကီသို့ရေနံတင်ပို့မှုရပ်ဆိုင်းသွားပြီး ဓာတ်အားပေး စက်ရုံတစ်ရုံပိတ်ထားလိုက်ရကြောင်း ရဲအဖွဲ့နှင့် တာဝန်ရှိသူများက ပြောကြားသည်။

ကယ်ကွတ်မြို့အနောက်ဘက် ကီလိုမီတာ ၆၀ရှိ အဓိကရေနံပိုက်လိုင်းတစ်လိုင်းသည် အရှဏ်တက်ပြီးချိန်၌ တိုက်ခိုက်ခြင်းခံခဲ့ရပြီး အယ်လ်ဖာတာဟာဒေသရှိ အခြားပိုက်လိုင်းမှာလည်း ထိုအချိန်၌ပင် တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမီးလောင်

ရေနံပိုက်လိုင်းများ ပေါက်ကွဲမီးလောင်မှုကြောင့် မီးခိုးလုံးများဖြင့် ကောင်းကင်၌ မည်းမှောင်နေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းသို့ ရေနံပိုက်လိုင်းများ တိုက်ခိုက်ခြင်းခံရသဖြင့် မြောက်ပိုင်း ရေနံတင်ပို့မှု ရပ်ဆိုင်းခဲ့ရကြောင်း နော့သင်းရေနံကုမ္ပဏီအရာရှိတစ်ဦးက ပြောကြားသည်။

ထို့ပြင် ကယ်ကွတ်မြို့အနောက်တောင်ဘက် ဘေဂျီမြို့အနီးရှိ အီရတ်နိုင်ငံ၌ အကြီးမားဆုံး ရေနံချက်စက်ရုံအနီးတွင်ရှိသော ပိုက်လိုင်းတစ်လိုင်း အင်္ဂါနေ့ အစောပိုင်းနာရီများတွင် မီးလောင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဓာတ်အားစက်ရုံပိတ်ထား

ထိုသို့ မီးလောင်သဖြင့် ဘေဂျီမြို့၏ အဓိကလျှပ်စစ်ဓာတ်အားစက်ရုံ ပိတ်ထားရကြောင်း အီရတ်မြောက်ပိုင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာန အကြီးအကဲတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်သတင်းအကျဉ်း

- ☆ စက်တင်ဘာ၁၅ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၁၉ဦးရှိပြီ။
- ☆ အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံပိုက်လိုင်းနှစ်လိုင်း တိုက်ခိုက်ခံရပြီး မီးလောင်ပေါက်ကွဲ။
- ☆ ဆာမာရာ၌ သြစတြေးလျလုံခြုံရေး အစောင့်နှစ်ဦး ပြန်ပေးဆွဲခံရ။
- ☆ အီရတ်အကျဉ်းသားများအား နှိပ်စက်သည့် အထောက်အထား နှိပ်စက်ခံရသော အီရတ်နှစ်ဦးထံမှ ဗြိတိသျှရှေ့နေ ရရှိခဲ့။
- ☆ ဘဂ္ဂဒက်၊ ဘာကူဘာနှင့် ရာမာဒီတို့၌ ဗုံးခွဲမှုနှင့် တိုက်ခိုက်မှုများ ဖြစ်ပွား။
- ☆ အီရတ်၌ငရဲတံခါးများပွင့်နေဟု အာရပ်အဖွဲ့ချုပ် အကြီးအကဲ ပြောကြား။
- ☆ တူရကီ စကားပြန်အား ပြန်ပေးသမားတို့ ပြန်လွှတ်ပေး။

ကယ်ကွတ်မြို့အနောက်ဘက်၌ တိုက်ခိုက်ခံရမှုကြောင့် ရေနံပိုက်လိုင်း မီးလောင်နေသည်ကို စက်တင်ဘာ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကျဉ်းသားများအား နှိပ်စက်သည့် သက်သေအထောက်အထား နှိပ်စက်ခံရသောအီရတ်နှစ်ဦးထံမှ ဗြိတိသျှရှေ့နေရရှိခဲ့

လန်ဒန် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်ခဲ့သည့် သက်သေအထောက်အထား ဖော်ထုတ်ချက်ကို မိမိရရှိခဲ့ကြောင်း ဗြိတိသျှရှေ့နေတစ်ဦးက အင်္ဂါနေ့၌ ပြောကြားသည်။

အီရတ်နိုင်ငံ အဘူဂါရိပ် အကျဉ်းထောင်၌ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသော အီရတ်နှစ်ဦး၏ ထုတ်ဖော်ချက်များကို ရှေ့နေ ဖီလ်ရှင်နာက ရိုက်တာသို့ ပေးပို့ခဲ့ရာ ထိုအီရတ်နှစ်ဦးက ၎င်းတို့ခေါင်းစွပ်စွပ်ခံရကြောင်း၊ ဝတ်လစ်စားလစ် ဖြစ်အောင် အဝတ်အစားများကို ဆွဲချွတ်ခံရကြောင်း၊ ရိုက်နှက်ခံရကြောင်း၊ ရေခဲရည်ဖြင့် လောင်းခြင်းခံရကြောင်း ဖော်ထုတ်ချက်၌ ပြောဆိုထားသည်။

နှိပ်စက်

အဘူဂါရိပ် အကျဉ်းစခန်း၌ အကျဉ်းသားများ မတရားနှိပ်စက်ခံရကြောင်း အမေရိကန်ပြည်ထောင်စုက ဝန်ခံအသိအမှတ်ပြုခဲ့ပြီး ဘာဆရာ၌ ဗြိတိသျှ တပ်ဖွဲ့များ၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသည်ဆိုသော အီရတ်တို့ကိုယ်စား အမှုတစ်မှုကို ရှင်နာက တာဝန်ခံပြီး ကိုင်တွယ်ဆောင်ရွက်လျက် ရှိသည်။ ရိုက်တာ၏ အီရတ်အမှုထမ်း သုံးဦးက မိမိတို့ကို ဖော်လူဂျာ၌ ကန်တပ်ဖွဲ့ဝင်များက ဇန်နဝါရီလထဲတွင် ရိုက်နှက်နှိပ်စက်ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

ဖွင့်ထား

ရှေ့နေရှင်နာက ရိုက်တာသို့ ပေးပို့ခဲ့သည့် ဖော်ထုတ်ချက်တွင် ဟေသမ်ဆာအစ်ဒ် အယ်လ်မော်လာ ဆိုသူ အင်ဂျင်နီယာက မိမိအား အနောက်တိုင်း တေးဂီတကို ကျယ်ကျယ်လောင်လောင် ဖွင့်ထားသည့် ဒစ္စကိုဆိုသော နေရာသို့ ခေါ်သွားပြီး ခေါင်းစွပ်စွပ်၊ လက်ထိပ်ခတ်ကာ နာရီများစွာ ကြာအောင် ရပ်ခိုင်းထားကြောင်း၊ ထို့နောက် မိမိဝမ်းဗိုက်ကို တအားကန်ခဲ့ကြောင်း၊ မိမိသတိလစ်ပြီး လဲကျသွားသည်အထိ ရိုက်နှက်ကန်ကျောက်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။**အမ်အင်အေ၊ရိုက်တာ**

တာလ်အာဖာကို ကန်တို့ပိတ်ဆို့မှု အဆုံးသတ်

တာလ်အာဖာ စက်တင်ဘာ ၁၅

အမေရိကန်စစ်ဘက်ဆိုင်ရာက အီရတ်နိုင်ငံ တာလ်အာဖာမြို့အား ပိတ်ဆို့ထားမှုကို အဆုံးသတ်လိုက်ပြီဖြစ်ရာ ဒေသခံအရပ်သားများ ၎င်းတို့၏ နေအိမ်များသို့ ပြန်နိုင်ကြပြီဖြစ်သည်။ နိုင်ငံမြောက်ပိုင်းမြို့ဖြစ်သည့် အဆိုပါ တာလ်အာဖာမြို့သည်နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများ ခိုအောင်းရာ နေရာများအဖြစ် အမေရိကန်တို့က သံသယရှိကာ တိုက်ပွဲများနှစ်ပတ်နီးပါးကြာအောင် ဖြစ်ပွားခဲ့သည့် နေရာဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုများအတွင်း လူ၆၀ခန့်သေဆုံးကြောင်းလည်း သိရသည်။ အဆိုပါမြို့အား ပိတ်ဆို့ထားမှုကြောင့် တူရကီအာဏာပိုင်များကလည်း ဒေါသထွက်ကာ အီရတ်နိုင်ငံ၌ အမေရိကန်တို့နှင့် ပူးပေါင်းလုပ်ဆောင်ပေးနေမှုများကို ရပ်ဆိုင်းပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ **(စီအင်န်အင်န်)**

ကျန်းမာရေးသည် နိုင်ငံအားလုံး၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါ

အနောက်ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၅၅)ကြိမ်မြောက် အစည်းအဝေးကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ စက်တင်ဘာ ၁၄ ရက်က ကျင်းပစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှန်ဟိုင်း စက်တင်ဘာ ၁၅

အနောက် ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ကော်မတီ၏ (၅၅)ကြိမ်မြောက် အစည်းအဝေးကို တရုတ်ပြည်ရှန်ဟိုင်းမြို့၌ တနင်္လာနေ့က စတင်ကျင်းပရာ ကျန်းမာရေးသည် နိုင်ငံအားလုံး၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း အစည်းအဝေးဖွင့်ပွဲတွင် တရုတ်ဒုတိယဝန်ကြီးချုပ်ဝူယီက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့် ပြည်သူများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် မျက်မှောက်ကာလ၌ ကျန်းမာရေး အခြေအနေ တိုးတက်မှုအများအပြား ရှိခဲ့ကြောင်း၊ သို့ရာတွင် ပြည်သူများ၏ ကျန်းမာရေး ဆိုးဆိုးရွားရွား ထိခိုက်နစ် နာစေသည့်ပြဿနာများကို မဖြေရှင်းနိုင်သေးကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာအသစ်များ ပေါ်ထွက်နေဆဲဖြစ်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းကို စိန်ခေါ်နေကြောင်း ဝူက ပြောကြားသည်။

ဖြေရှင်းနိုင်မည်

ကူးစက်ရောဂါသစ်များ ပျံ့နှံ့မှုက ပြည်သူ့ကျန်းမာရေးကဏ္ဍ စွမ်းဆောင်မှု တိုးတက်လာမှုရှိစေရန် လိုအပ်ကြောင်းကို ပြသနေပြီး နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှသာ အစိုးရများနှင့်အဖွဲ့အစည်းများက ပြည်သူ့ကျန်းမာရေးနယ်ပယ်၌ အရေးပေါ်ကိစ္စများကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကြိုးပမ်း

တရုတ်ပြည်သည် လူဦးရေထူထပ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့် ပြည်သူတို့၏ လူနေမှုတိုးတက်ကောင်းမွန်စေရေးအတွက် အားကုန်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ တရုတ်အစိုးရသည် ပြုပြင်ပြောင်းလဲမှုနှင့် ကျန်းမာရေးကဏ္ဍ တိုးတက်ရေးအတွက် အားကြိုးမာန်တက် တွန်းအားပေးဆောင်ရွက်နေပြီး ဒဗလျူအိပ်ချ်အိုနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေကြောင်း ဝူကပြောကြားသည်။

ဆွေးနွေးမည်

ငါးရက်ကြာကျင်းပသည့် အစည်းအဝေးတွင် ဒဗလျူအိပ်ချ်အိုနှင့် အနောက်ပစိဖိတ်ဒေသရှိ နိုင်ငံနှင့်ဒေသ ၃၆ ခုတို့မှ ကိုယ်စားလှယ်များသည် အရေးပါသည့် ကျန်းမာရေးကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အာဆီယံပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စများ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ဆွေးနွေး

ဟန္နိုင်း စက်တင်ဘာ ၁၅

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ အသင်းဝင်နိုင်ငံများမှ အရာရှိများသည် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ စုရုံးရောက်ရှိခဲ့ကြသည်ဟု ဗီယင်ကျန်းမြို့မှ အင်္ဂါနေ့က ပေးပို့လိုက်သော သတင်းများအရ သိရသည်။

တနင်္လာနေ့၌စတင်ခဲ့သောကူးပြောင်းပို့ဆောင်မှုဆိုင်ရာနှစ်ရက်ကြာ အစည်းအဝေး၌ကိုယ်စားလှယ်များကကူးပြောင်းပို့ဆောင်ရေးလမ်းကြောင်းများနှင့် အထောက်အကူပြုများ ရွေးချယ်သတ်မှတ်ရေး စာချွန်လွှာ ၁ နှင့် ပို့ဆောင်ရေးနည်းလမ်းအမျိုးမျိုးဆိုင်ရာ အာဆီယံ အခြေခံမူဘောင် သဘောတူချက်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထိုသဘောတူချက်နှစ်ရပ်ကို ရှေ့လတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၌ လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ပြန်လည်သုံးသပ်

ထို့ပြင် အာဆီယံ တရုတ်ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို အစည်းအဝေးက အတည်ပြုခဲ့ပြီး အာဆီယံ-ဂျပန်ပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်မှုကိုလည်း ပြန်လည်သုံးသပ်ခဲ့ကြသည်။

ဆွေးနွေး

တစ်ဖန် ယင်းအစည်းအဝေးက ကုန်ပစ္စည်း ကူးပြောင်းပို့ဆောင်မှုဆိုင်ရာ အာဆီယံအခြေခံဖွဲ့စည်းမှု သဘောတူချက် အကောင်အထည်ဖော်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရသည်။

ယင်းပို့ဆောင်ရေးအစည်းအဝေးသို့ အာဆီယံ(၁၀)နိုင်ငံမှ ပို့ဆောင်ရေးအရာရှိများအပြင် ဂျပန်နိုင်ငံလည်း ပါဝင်တက်ရောက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် မြစ်ရေခွဲဝေသုံးစွဲရေးဆွေးနွေး

နယူးဒေလီ စက်တင်ဘာ ၁၅

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတို့မှ အာဏာပိုင်များသည် နှစ်နိုင်ငံ ဆက်စပ်နေသော တီစတာမြစ်နှင့် မြစ်ခြောက်သွယ်တို့မှ ရေကိုမျှဝေသုံးစွဲနိုင်ရေးအတွက် ဒါကာမြို့တွင် ဆွေးနွေးလျက်ရှိသည်။

ယခုဆွေးနွေးပွဲမှာ လေးရက်ကြာမြင့်မည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် ပူးတွဲပညာရှင်အဖွဲ့၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကိစ္စကို အကျယ်တဝင့် ဆွေးနွေးကြဖွယ်ရှိပြီး သဘောတူညီမှုများမရရှိမီကြားကာလအတွင်းရေကို မျှဝေသုံးစွဲနိုင်ရေးအတွက် ယာယီကြားကာလ မျှဝေသုံးစွဲရေးကိစ္စတစ်ရပ်ကိုလည်း လက်ခံအတည်ပြုနိုင်ရေး စဉ်းစားကြဖွယ်ရှိသည်။

ဇန်နဝါရီလက ဆွေးနွေးခဲ့ကြသော အစည်းအဝေးတွင် ရေနည်းပါးချိန်ကာလ၌ နှစ်နိုင်ငံတို့၏ လိုအပ်ချက်များကို သိပ္ပံနည်းကျ ပူးတွဲအကဲဖြတ်စိစစ်လေ့လာရေး ကိစ္စများဆိုင်ရာ မူဘောင်များ ချမှတ်ခဲ့ကြသည်။

အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်တို့ ဆွေးနွေးလျက်ရှိကြသော်လည်း မြစ်ရေမျှဝေ သုံးစွဲရေးကိစ္စမှာ သဘောတူညီမှု မရသေးဘဲရှိသည်။ နှစ်ဖက်စလုံးက မြစ်ရေနည်းပါးချိန်ကာလကို အောက်တိုဘာလမှ ဧပြီလအကြား ကာလများအဖြစ် သဘောတူညီထားကြသည်။

တီစတာမြစ်သည် ဟိမဝန္တာတောင်တန်း ဆစ်ကင်းဒေသတွင် မြစ်ဖျားခံပြီး အိန္ဒိယနိုင်ငံအနောက်ဘက် ဘင်္ဂလားဒေသနှင့် ဘင်္ဂလားဒေ့ရှ်ကိုဖြတ်ကာ စီးဆင်းပြီးနောက် ဗြဟ္မပုတ္တရမြစ်အတွင်း စီးဝင်သည်။ ယင်းမြစ်၏ ၈၃ရာခိုင်နှုန်းသော မြစ်ရေရရှိရာ အရင်းအမြစ်ဒေသသည် အိန္ဒိယနိုင်ငံအတွင်း၌ တည်ရှိပြီး ကျန်ရာခိုင်နှုန်း အချိုးအစားမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း၌ တည်ရှိသည်။

အမ်အင်အေ၊ပီတီအိုင်

အိုင်ဗန်ဟာရီကိန်းမုန်တိုင်း အမေရိကန်နိုင်ငံသို့ဦးတည်

ဟာဘားနား စက်တင်ဘာ ၁၅

ဟာရီကိန်းမုန်တိုင်း အိုင်ဗန်သည် ကျူးဘားကျွန်းဆွယ်ကို တိုက်ရိုက်ဖြတ်သန်းတိုက်ခတ်ခဲ့ပြီးနောက် ယခုအခါ အမေရိကန်နိုင်ငံသို့ ဦးတည်လျက်ရှိကြောင်း သိရသည်။ အိုင်ဗန် မုန်တိုင်းသည် အလွန်လူနေထူထပ်ရာ ဒေသများကို မကျရောက်ခဲ့ဘဲ ကရေဘီယံကျွန်းအနောက်ပိုင်းကို ပြီးခဲ့သည့် တနင်္လာနေ့ညက ဖြတ်သန်းတိုက်ခတ်သွားခဲ့ကြောင်း သိရသည်။

ကြိုတင်ပြင်ဆင်

ကျူးဘားနိုင်ငံမှ ထွက်ပေါ် လာသော သတင်းများအရ သေဆုံးဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။ မက္ကဆီကို ပင်လယ်ကွေ့ မြောက်ဘက် ကမ်းရိုးတန်းဒေသကို ပြင်းထန်သော မုန်တိုင်းတစ်ခု ကျရောက်ဖွယ်ရှိကြောင်း အယ်လ်ဘားမားပြည်နယ် ကဲ့သို့ အမေရိကန်ပြည်ထောင်စု အတွင်း၌လည်း မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

စင်ကာပူ အေ-ဆိုနစ်လေယာဉ်ပုံစံထုတ်လုပ်ရေးကုမ္ပဏီ တရုတ်ကုမ္ပဏီနှစ်ခုနှင့် ပူးပေါင်းရန် သဘောတူညီ

စင်ကာပူ စက်တင်ဘာ ၁၅

စင်ကာပူအခြေစိုက်လေယာဉ်နှင့် လေယာဉ်ပုံစံထုတ် အီလက်ထရွန်းနစ် နည်းပညာ ကုမ္ပဏီဖြစ်သော အေ-ဆိုနစ်လေယာဉ်တည်ဆောက်ရေး နည်းပညာကုမ္ပဏီသည် တရုတ်နိုင်ငံ၌ လေကြောင်းလိုင်း စတင်ရန်အတွက် တရုတ်ကုမ္ပဏီနှစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူလိုက်ကြသည်။

အဆိုပါဖက်စပ်လုပ်ငန်းတွင် ပိုင်ဆိုင်မှုအစုရှယ်ယာ ၂၅ ရာခိုင်နှုန်းအတွက် စင်ကာပူကုမ္ပဏီက ငွေသား အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈သန်း ထည့်ဝင်မြှုပ်နှံမည်ဖြစ်သည်။

ယင်းဖက်စပ်လုပ်ငန်းသည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် မြို့တော်ကွမ်ကျိုး၌ အခြေစိုက်မည်ဟုသိရသည်။

ရှေ့နှစ်ဒုတိယနှစ်ဝက်၌ စတင်မည်ဟု မျှော်လင့်ရသော ဖက်စပ်လုပ်ငန်းသစ်သည် ပြန်လည်ပြုပြင်ရေး၊ စီမံခန့်ခွဲရေး ဝန်ဆောင်မှုနှင့် လေယာဉ်များ ပြုပြင်ထိန်းသိမ်းရေးအတွက် အထူးအခွင့်အရေးများကို အေ-ဆိုနစ်ကုမ္ပဏီက ရမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက် ဘာဒါဝီက မလေးရှားနိုင်ငံ၏ အဆင့်မြင့်နည်းပညာမဏ္ဍိုင်ကို အာရှနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန် လမ်းညွှန်ခဲ့ပြီးနောက် မလေးရှားနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ နည်းပညာအသုံးပြုမှု ဒုတိယအဆင့်သို့ရောက်ရှိလျက်ရှိရာ ကွာလာလမ်ပူ ကွန်ပျူတာပြပွဲ တစ်ရပ်ကို ဤသို့ခင်းကျင်းပြသခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)



စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၄/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ***ကျောဖုံးမှ***

ဆပ်ကော်မတီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ပါဝင်ဆောင်ရွက်

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာ၌ စက်မှုဇုန်များနှင့်စပ်လျဉ်း၍ အချက်နှစ်ချက်တင်ပြလိုကြောင်း၊ ပထမတစ်ချက်မှာ သဘာဝဓာတ်ငွေ့ (CNG)သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲသည့်လုပ်ငန်း၌ စက်မှုဇုန်ရှိ ပုဂ္ဂလိကများက ပါဝင်ဆောင်ရွက်ရေးဆိုသည့်အချက်ဖြစ်ကြောင်း။

ယနေ့ကာလသည် ကမ္ဘာ့ရေနံဈေးနှုန်းမှာ အံ့မခန်းမြင့်တက်နေချိန်ဖြစ်ကြောင်း၊ ယင်းသို့သောအချိန်တွင် မိမိတို့နိုင်ငံ၌ ဈေးနှုန်းသက်သာသည့် သဘာဝဓာတ်ငွေ့မှာ ကုန်းတွင်းပိုင်း၌ပင် ပိုမိုထွက်ရှိလာသည့်အခြေအနေကောင်းဖြစ်ပေါ်လာကြောင်း၊ ယင်းသဘာဝဓာတ်ငွေ့ကိုဓာတ်ဆီ၊ဒီဇယ်ဆီအစားပြောင်းလဲသုံးစွဲ၍ မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုနေသည် လဲသုံးစွဲခြင်းဖြင့်သွားလာဆက်သွယ်မှုပိုမိုသွက်လက်လာစေရုံသာမက သယ်ယူပို့ဆောင်စရိတ်စကလည်း များစွာသက်သာစေမှာဖြစ်ကြောင်း။

တီထွင်ကြံဆလုပ်ကိုင်

ယင်းသို့ ပြောင်းလဲသုံးစွဲရာ၌ စွမ်းအင်ဝန်ကြီးဌာနက ဓာတ်ငွေ့ရောင်းချပေးမည်ဖြစ်ပြီး ကျန်မော်တော်ယာဉ် ပြုပြင်ပြောင်းလဲမှုအပိုင်းများကို ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအပိုင်းက ကျယ်ကျယ်ပြန့်ပြန့် တီထွင်ကြံဆလုပ်ကိုင်စေလိုကြောင်း။

(CNG Kits)ဝယ်ယူခြင်း၊ တပ်ဆင်ခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်းတို့ကိုပုဂ္ဂလိကအပိုင်းက လုပ်ကိုင်သွားမှသာ ပိုမိုသွက်လက်မြန်ဆန်ပြီး လုပ်ငန်းတွင်ကျယ်မှာ ဖြစ်ကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့က နည်းပညာအကူအညီပေးသွားမည်ဖြစ်ကြောင်း။

သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်သုံးစွဲမှု၊ မိုလ်ဖြင့် ပုံလောင်းနိုင်မှုတို့ ခေတ်မီလာသည်နှင့်အမျှ ပုဂ္ဂလိကစက်မှုလုပ်ငန်း၏ အရည်အသွေးတိုးတက်မှုသည် အလုည့်အပြောင်းဖြစ်သွားမှာသေချာကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ခေတ်မီတိုးတက်ရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကူညီကြရန်နှင့် အလားအလာကောင်းသည့် စက်မှုထွက်ကုန် အမယ်သစ်(အမည်သစ်)များ ထုတ်လုပ်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်အားပေးသွားကြရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ကမ္ဘာ့ဈေးကွက်၌ စက်မောင်းဆီမှာ မိမိတို့အတွက် အသစ်အဆန်းမဟုတ်ဘဲ၊ အင်းစိန်၊ မှော်ဘီ၊ မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်တို့၌ လွန်ခဲ့သော အနှစ်၂၀ခန့်ကပင် သုံးစွဲနေသည့် အတွေ့အကြုံရှိပြီးဖြစ်ကြောင်း၊ ယင်းဒေသများ၌ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် ၅၈၇စီး ရှိပြီး အောင်မြင်စွာ ပြေးဆွဲလျက်ရှိသည်မှာ ယနေ့အထိပင်ဖြစ်ကြောင်း။

ပိုမိုသွက်လက်လာ

ယင်းအတွေ့အကြုံကောင်း အခြေအနေကောင်းကိုအသုံးချ၍ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲရန် နိုင်ငံတော်က ဦးစီးစီမံဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အများသုံး ခရီးသည်တင်ကားများနှင့် ကုန်တင်ကားများကို ဦးစားပေးပြောင်း ခြုံလိုက်လျှင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းအကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်း။

ဒုတိယပြောကြားလိုသည့် အချက်မှာ မန္တလေး၊ မုံရွာနှင့် အေးသာယာ စက်မှုဇုန်များ၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံဖိအလုပ်ရုံများကို ထူထောင်နေရာ နိုင်ငံခြားမှစက်ပစ္စည်းများ ရောက်ရှိလာချိန်နှင့် ချိန်ကိုက်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ရန် အရေးကြီးကြောင်း၊ ထို့ပြင် လိုအပ်သောကုန်ကြမ်းများ စုဆောင်းထားရန် လိုအပ်သကဲ့သို့ အပ်ကုန်များရရှိအောင်လည်း ကြိုတင်ညှိနှိုင်းထားရန်လိုကြောင်း၊ဝန်ကြီးဌာနများမှအပ်ကုန်၊ အခြားစက်မှုဇုန်များမှ အပ်ကုန်အမျိုးမျိုးရရှိရန်လိုအပ်ကြောင်း။

ဈေးနှုန်းများအခြေအနေ အကြောင်းအမျိုးမျိုးကြောင့် မြင့်တက်သည်ထက်မြင့်တက်လျက်ရှိကြောင်း။

ဝိုင်းဝန်းအကောင်အထည်ဖော်

စက်မောင်းဆီ အခက်အခဲရှိနေချိန်တွင် စွမ်းအင်ဝန်ကြီးဌာန၏ ဖော်ထုတ်မှုဖြင့် မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့ ပြောင်းလဲအသုံးပြုရေးကိစ္စမှာ အခြေအနေများအရ အလွန်ဆောင်ရွက်ထိုက်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် အသွင်ကူးပြောင်းဆောင်ရွက်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် နိုင်ငံတော်အပိုင်းက အပြည့်အဝ အားပေးကူညီသွားမည်ဖြစ်၍ မိမိတို့ အားလုံးက အားကြိုးမာန်တက် ဝိုင်းဝန်းအကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်း။

ဓာတ်ဆီ၊ ဒီဇယ်ဆီများအစား သဘာဝဓာတ်ငွေ့ကို အသုံးပြုပါက ကုန်ကျစရိတ်များစွာ လျှော့နည်းသက်သာစေနိုင်ကြောင်း။

ထို့ကြောင့် သဘာဝဓာတ်ငွေ့ကို မော်တော်ယာဉ်များ၌ လွယ်လင့်တကူ အသုံးပြုနိုင်မှု များပြားသည်ထက် များပြားလာအောင် စက်မှုလုပ်ငန်းရှင်များက တီထွင်ကြံဆ ကြိုးပမ်းအားထုတ်ကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားပြီး စက်မှုဇုန်များ၏ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာများ၊ မန္တလေးစက်မှုဇုန်၊ တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ တည်ဆောက်လျက်ရှိသည့် ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံဖိအလုပ်ရုံတို့နှင့်စပ်လျဉ်း၍ သိရှိဆောင်ရွက်သင့်သည်များကို ဆက်စပ်ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို စမ်းသပ်စစ်ဆေးပေးခဲ့မှုများ၊ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအဖြစ် မော်တော်ယာဉ်များကို အသွင်ပြောင်းသွားရန် စီစဉ်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်တော်ယာဉ်ထုတ်လုပ်မှု ကြီးကြပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ဘတ်စ်ကားနှင့် ထရပ်ကားများတွင် သဘာဝဓာတ်ငွေ့သုံး CNGအင်ဂျင်များဖြင့် ပြောင်းလဲတပ်ဆင်အသုံးပြုခြင်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

တည်ဆောက်ပြီးစီး

ဆက်လက်၍ မုံရွာစက်မှုဇုန် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မုံရွာစက်မှုဇုန်၌ တည်ဆောက်လျက်ရှိသည့် ခေတ်မီ သံရည်ကျို၊ ပုံလောင်း၊ ပုံဖိအလုပ်ရုံတို့တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သဘာဝဓာတ်ငွေ့ဖြင့် မော်တော်ယာဉ်များ ပြောင်းလဲသုံးစွဲမှုအောင်မြင်ရေး၊ စက်မှုဇုန်များ၏ အရည်အသွေးမြင့်မားလာပြီး စက်မှုထုတ်ကုန် အမယ်သစ်(အမည်သစ်)များ တိုးချဲ့ထုတ်လုပ်လာအောင် အားပေးပျိုးထောင်ရေးတို့အတွက် လိုအပ်သည်များကို မှာကြားရှင်းလင်းပြီး ပုဂ္ဂလိကစီးပွားရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရန် အရေးကြီးပုံ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ နိုင်ငံတော်၏နိုင်ငံရေးမူဝါဒ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟန်ချက်ညီညီ ပူးပေါင်း အကောင်အထည်ဖော်ရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြား၍ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်း၌ ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် အမှတ်(၁)စက်မှုဝန်ကြီးဌာနရုံးဝင်းအတွင်း စီစဉ်ပြသထားသည့် ရွှေသာယာမော်တော်ကားထုတ်လုပ်ရေးကတပ်ဆင်ထားသည့် သဘာဝဓာတ်ငွေ့သုံး ၁၀ဘီး ကုန်တင်ယာဉ်၊ သာကေတစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေး ကော်မတီ၏ Nibban-UD Light Truck သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်နှင့် ရွှေပြည်သာစက်မှုဇုန် မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေး၏ MAN Extra Cab Mark 1 သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့ အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စက်မှုလုပ်ငန်းရှင်များအား နှုတ်ဆက်အားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံက ထုတ်လုပ်ထားသည့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၌ အသုံးပြုနိုင်သော မော်တော်ယာဉ်သုံး စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သဘာဝဓာတ်ငွေ့ဖြင့် မော်တော်ယာဉ် အင်ဂျင်၊ ကူဘိုတာအင်ဂျင်များ ဆက်စပ်အသုံးပြုနိုင်မှု ပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အမှတ် (၂)စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့်စက်မှုဇုန်တို့က သဘာဝဓာတ်ငွေ့ အသုံးပြုမောင်းနှင်နိုင်ရန် ပြုပြင်တပ်ဆင်ထားသည့် ဆလွန်းကား၊ မာဇဒါဂျစ်ကား၊ ဘတ်စ်ကားများ၊ တီအီး(၂၁) အမျိုးအစား ကုန်တင်ယာဉ်များ၊ ခရီးသည်တင် ဒိုင်နာ (Light Truck)နှင့် ခရီးသည်တင် ဟိုင်းလပ်၊ ပစ်ကပ်ယာဉ်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးအားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၆)တွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၆)တွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်ထုတ်လုပ်မှုကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌအမှတ်(၂) စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော် စက်မှု လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၀၆)တွင် ဘတ်စ်ကားနှင့်ထရပ်ကားများ၌ သဘာဝဓာတ်ငွေ့သုံး CNG အင်ဂျင်များဖြင့် ပြောင်းလဲတပ်ဆင် အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြား စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်အရာရှိစစ်သည်များနှင့်၎င်းတို့၏မိသားစုများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်နိုင်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပထမအဆင့်အုပ်စုပတ်လည် ပြိုင်ပွဲများကိုနယ်ဇုန်များတွင် စက်တင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ (က)အုပ်စု ရတခဇုန် (မော်လမြိုင်)၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၊ (ဃ)အုပ်စု လပခဇုန် (မန္တလေး)နှင့် (င)အုပ်စုတပခဇုန် (တောင်ငူ)တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၃)ကြိမ်မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ရေ၊လေ)တိုက်ကွမ်ဒိုပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ခုနှစ် (၁၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၄ရက် နံနက် ၈နာရီခွဲတွင် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်နယ်တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက်မှစတင်၍ ပြိုင်ပွဲဝင်အသင်း ၂၃ သင်းဖြင့် ကျင်းပခဲ့ရာ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (က)အဆင့်အမျိုးသားပင်းဝိတ်တန်း ဗိုလ်လုပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့်အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြရာ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကလည်းကောင်း၊ (ခ)အဆင့်ပင်းဝိတ်တန်း အမျိုးသားဗိုလ်လုပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းတို့ယှဉ်ပြိုင်ကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက လည်းကောင်း၊ (ခ)အဆင့် ပင်းဝိတ်တန်း အမျိုးသမီးဗိုလ်လုပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက လည်းကောင်း အသီးသီးအနိုင်ရဗိုလ်စွဲသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ အမျိုးသား တံခွန်စိုက်ဖလား ပထမဆုရ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေကလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဖလား ပထမဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့က လည်းကောင်း ပေးအပ်ချီးမြှင့်ရာ အသင်းလိုက်တာဝန်ခံများက လက်ခံယူကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၇–၉–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ English for Everyday Use

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၂၅ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(အခြေခံပညာ ၅–၁၀ နှစ်)(အမျိုးသား၊အမျိုးသမီး)
၁၇း၄၀ ၈။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇း၅၀ ၉။ ဂီတမဟာ ပျော်စရာ
၁၈း၀၅ ၁၀။ တေးဂီတအစီအစဉ်
၁၈း၂၀ ၁၁။ Discovery
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း–၁၂)
၁၉း၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) “မဟာဇနက္က ဇာတ်တော်ကြီး” (မန္တလေးတိုင်း)

အကောင်းဆုံးရွေးချယ်မှု

❖ သူ့မမှီဘဲ၊ ကိုယ့်အားခဲလျှင်
တွန်းလှဲချင်သော၊ ထိုသဘော
စောကြောကြည့်ပါ၊ ဘယ်လိုဟာ။

❖ သူ့ကိုမှီက၊ သူ့လိုဘသာ
ဖြည့်မှကြိုက်သော၊ ထိုသဘော
စောကြောကြည့်ပါ၊ဘယ်လိုဟာ။

❖ မှီလိုက်ပြန်လဲ၊သူ့တွက်ပဲ
မမှီပြန်လဲ၊သူတွန်းလှဲ
ဘယ်ဟာရွေးမလဲ။

❖ သူ့ကိုမှီကာ၊ရပ်တည်ပါလျှင်
ကြိုက်ရာသူစေ၊ ထားရာနေ
ကျွန်တွေဖြစ်မှာ၊ မလွဲပါ။

❖ သူ့မမှီဘဲ၊သူတွန်းလှဲလည်း
မလဲနိုင်ကျည်၊ ရပ်တည်နိုင်မှု
ရှေးရှုကြံဆောင်၊ထူထောင်အင်အား
ပြုသွားခြင်းသာ၊ အကောင်းဆုံးပါ။ ။

ပျံလွှား

ပေးအပ်ချီးမြှင့်

(၁၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဖလား ပထမဆုရ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၁၀၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စိုက်ပျိုးမြေရယူထားသည့် ကုမ္ပဏီအလိုက်လျာထားချက်များနှင့်အညီ သီးနှံများတိုးချဲ့စိုက်ပျိုး ဒေသခံတောင်သူလယ်သမားများနှင့် အကျိုးတူပူးပေါင်းခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

✻ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ မိမိနှင့်လယ်ယာလုပ်ငန်းရှင်များ၊ နှစ်ရှည်ပင်စိုက်ပျိုးသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်မှာ ခုနစ်ကြိမ်မျှရှိခဲ့ပြီဖြစ်ကြောင်း။

မိမိတို့အားလုံး၏ တူညီသောရည်မှန်းချက်မှာ ကိုယ့်နိုင်ငံကိုယ့်လူမျိုးတိုးတက်ကြီးပွားပြီး အခြားကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်ဖြစ်ကြောင်း၊

လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေး(၇/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ရည်မှန်းချက်ပန်းတိုင်မှာလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် တည်ဆောက်သွားမှာဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် မိမိတို့၏ ဒီမိုကရေစီသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်သမိုင်းကြောင်း၊ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်သဘာဝနှင့်ကိုက်ညီသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တွင် အရေးအကြီးဆုံးတစ်ခုဖြစ်သော အမျိုးသားညီလာခံကျင်းပဆောင်ရွက်နေပြီကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်စွာကျင်းပပြီး ရှေ့လုပ်ငန်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက်လည်း အားလုံးတွင်တာဝန်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် သွားမှာဖြစ်သည့်အတွက် နိုင်ငံတော်မှ ယခင်က မရှိဖူးသေးသည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ထူထောင်မြေတောင်မြှောက်ပေးနေသကဲ့သို့ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာပေါ်ထွန်းရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို အားပေးမြှင့်တင်ပေးနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွင် နိုင်ငံသားအားလုံး၏အားကို ရယူဆောင်ရွက်နေကြောင်း။

အဘက်ဘက်မှအားပေးနေ

ထို့အတူ နိုင်ငံတော်သည် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ မှန်ကန်သော ပူးပေါင်း ဆောင်ရွက်မှုအားကိုရယူ၍ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင် အောင်မြင်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်၏ စီးပွား ရေးဘဝ၌ လယ်ယာလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်မှု လုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ စသည်ဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်များ အခြေခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ အဘက်ဘက်မှ ပြုစုပျိုးထောင်အားပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးအခြေခိုင်မာပြီး အင်အားရှိရေးအတွက်ပို့ကုန်ပမာဏတိုးမြှင့်ရေးကို အလေးပေးလုပ်ကိုင်ရာ၌ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကိုသာ လောလောဆယ် အဓိကမှီတည် လုပ်ကိုင်နေကြရကြောင်း။

အားပေးကူညီ

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပေါကြွယ်ဝသည့် မြေသယံဇာတနှင့် ရေ သယံဇာတတို့ကိုအခြေပြုသည့် ရာသီသီးနှံစိုက်ပျိုးကြသော လယ်ယာလုပ်ငန်းရှင်များ၊ ဆီအုန်း၊ ရော်ဘာ၊ ကော်ဖီစသည့် နှစ်ရှည်ပင် စိုက်ပျိုးကြသည့် လုပ်ငန်းရှင်များ၊ ငါး၊ ပုစွန်လုပ်ငန်းရှင်များစသည်ဖြင့် ရေမြေသယံဇာတကို ကုန်ထုတ်လုပ်မှုလုပ်ငန်း၌ အသုံးချသည့် စီးပွားရေးအင်အားစုများ ကြီးပွားဖြစ်ထွန်းလာအောင် ယခုကဲ့သို့ မိမိတို့တွေ့ဆုံ၍ စိတ်ဓာတ်ရေးရာအရရော၊ ရုပ်ပိုင်းဆိုင်ရာအရပါ တတ်နိုင်သမျှ အားပေးကူညီနေခြင်းဖြစ်ကြောင်း။

ယင်းသို့အားပေးဆောင်ရွက်လာရာ၌ စိုက်ပျိုးရေးလုပ်ကွက်ကြီးများကို ဖော်ထုတ်လုပ်ကိုင်နေသော လက်ရှိလုပ်ငန်းရှင်များအပြင် နောက်ထပ်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် တိုင်းရင်းသားလုပ်ငန်းရှင်အသစ်များ ပေါ်ထွက်လာသည့်အတွက် မိမိတို့ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ နိုင်ငံတော်၌ ယခုကဲ့သို့ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင် အများအပြားဖြစ်ထွန်းပေါ်ထွက်လာရန် လိုအပ်နေကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ကြီးထွားဖြတ်သန်းခဲ့ရသည့် ဘဝကို ပြန်လည်သုံးသပ်မှုများပြုလုပ်၍ နိုင်ငံတော်၏စေတနာနှင့် မျှော်မှန်းချက်များအပေါ် မှန်ကန်သောအသိ၊ မှန်ကန်သောအလုပ်များဖြင့်တုံ့ပြန်ပြီး နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်း လုပ်ကိုင်သွားကြရန်လိုကြောင်း၊ ထို့ပြင်မိမိတို့၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်၊ မိမိတို့ရင်းနှီးလုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဇွဲသတ္တိရှိရှိ အားထုတ်လုပ်ကိုင်စေလိုကြောင်းဖြင့် မှာကြားရှင်းလင်းသည်။

ပိုလျှံအောင်စိုက်ပျိုး

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌မြေသယံဇာတ၊ ရေသယံဇာတအလုံအလောက်ရှိသဖြင့် ပြည်သူများ၏ လက်ငင်းစားသုံးမှုအတွက်သာမက နောင်တိုးပွားလာမည့် နိုင်ငံသားများအတွက်ပါ စားသုံးသီးနှံဖူလုံအောင်၊ ထိုမှတစ်ဆင့် ပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်သွားကြရမည်ဖြစ်ကြောင်း။

ယင်းသို့လုပ်ကိုင်ဆောင်ရွက်ရာ၌သမားရိုးကျ ပုဂ္ဂလိက တောင်သူလယ်သမားများ၏ လယ်ယာလုပ်ကွက်ငယ်များနှင့်အတူ ငွေကြေးအရင်းအနှီးတတ်နိုင်သော တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ခေတ်မီလယ်ယာ လုပ်ကွက်ကြီးများပေါ်ထွက်လာအောင်၊ ယင်းလယ်ယာလုပ်ကွက်ကြီးများမှ တစ်ဆင့်သီးနှံများကိုစီးပွားဖြစ် ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်း၌ လယ်ယာ အခြေခံစက်မှုလုပ်ငန်းများတိုးချဲ့ ထူထောင်ခြင်းစသည့် စီးပွားရေးအခွင့်အလမ်းသစ်များပေါ်ထွက်လာအောင် အခြေခံကျကျမိမိတို့ ကြိုးပမ်းသွား ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ယာမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေး (၇/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြိုးစားဆောင်ရွက်

ရေတိုနည်းဖြင့်ငွေကြေးကို လွယ်လွယ်ကူကူရှာဖွေနိုင်မှုသည် ခေတ္တခဏသာ တည်မြဲနိုင်ကြောင်း၊ မိမိတို့၏ ပင်ကိုအရည်အသွေးကို အားကုန်ထုတ်၍ အခြေခံကျသည့် စီးပွားရေးလုပ်ငန်းများကို ခိုင်ခိုင်မာမာ ခင်းကျင်း လုပ်ကိုင်နိုင်မှသာ ရေရှည်တည်တံ့ပြီး ဂုဏ်သိက္ခာရှိသည့် တိုင်းပြုပြည်ပြုလုပ်ငန်းရှင်များအဖြစ် ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရွေးချယ်ထားသော စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ လက်ရှိ စိုက်ပျိုးနေသောမြေများအပြင် မြေလွတ်မြေလပ်နှင့် စိုက်ပျိုးနိုင်သည့် မြေရိုင်းဧရိယာများစွာကျန်ရှိနေသေးကြောင်း၊ စိုက်ပျိုးရန်မြေ၊ ရေရှိသကဲ့သို့ သင့်တင့်မျှတသော ရာသီဥတုလည်းရှိပြီးဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့စိုက်ပျိုးပါက ရေရှည်အကျိုးဖြစ်ထွန်းမှာ သေချာကြောင်း။

မြေယာများအခမဲ့ချပေး

လောလောဆယ်ဆီထွက်သီးနှံစိုက်ပျိုးမှုအခြေအနေအရ မိမိတို့နိုင်ငံတွင် စားသုံးဆီဖူလုံမှုမရှိသေးသဖြင့် ပြည်ပမှစားသုံးဆီများတင်သွင်းနေရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စီမံအားပေးမှုဖြင့် ရေမြေရာသီအခြေအနေပေးသည့် တနင်္သာရီတိုင်း၌ ဆီအုန်းဧက ငါးသိန်း စိုက်ပျိုးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ထိုမှတစ်ဆင့် ပိုလျှံသည်များကို ပြည်ပတင်ပို့ရေးတို့အတွက် ၁၉၉၉ခုနှစ်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ငွေကြေးအရင်းအနှီးတတ်နိုင်သည့်လုပ်ငန်းရှင်များကို မြေယာများအခမဲ့ချပေးပြီး လိုအပ်သည်များကို ကူညီအားပေး စောင့်ရှောက်လျက်ရှိကြောင်း။

ဆီအုန်းစိုက်ပျိုးမှုသည် စိုက်ပျိုးသူကိုရော တိုင်းပြည်ကိုပါ ရေရှည်အကျိုးအမြတ်ဖြစ်ထွန်းစေသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြောင်း၊ လက်ရှိကုမ္ပဏီများ၊ ဒေသခံများ၊ တပ်ရင်းတပ်ဖွဲ့များ၏စိုက်ပျိုးမှုများအရ ဆီအုန်းဧက တစ်သိန်းကျော် ပေါ်ထွက်လာနေပြီဖြစ်ကြောင်း။

နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး (၇/၂၀၀၄) သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဆီအိုးကြီးဖြစ်လာမည်

နောက်ထပ် ရင်းနှီးမြှုပ်နှံမည့် ဆီအုန်းလုပ်ငန်းရှင်အသစ်များကလည်း စိုက်ပျိုးရန်မြေနေရာ ရယူထားပြီးဖြစ်၍ တနင်္သာရီတိုင်းသည် နောင်မကြာမီ နှစ်များအတွင်းတွင် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာတော့မည်ဖြစ်ကြောင်း။

ဆီအုန်းလုပ်ငန်းရှင်များက နိုင်ငံတော်အကျိုး၊ မိမိတို့၏အကျိုးတို့ကို ရှုမျှော်ပြီး မျိုးကောင်းမျိုးသန့် ဆီအုန်းပင်များကို နှစ်အလိုက် စနစ်တကျ တိုးချဲ့စိုက်ပျိုးသွားကြရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက ၂၀၀၄ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည့် ဆီအုန်းလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော်ထုတ် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်း အစည်းအဝေး (၆/၂၀၀၄) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တနင်္သာရီတိုင်း၌ ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးနိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ပံ့ပိုးကူညီဆောင်ရွက်ပေးမှု အခြေအနေ၊ တနင်္သာရီတိုင်းအတွင်း တိုင်းရင်းသားကုမ္ပဏီများကို ဆီအုန်းစိုက် ပျိုးရေးအတွက် မြေလွတ် မြေရိုင်းများ ခွဲဝေချထားပေးမှု၊ မြေယာပြုပြင်မှုနှင့်စိုက်ပျိုးမှု အခြေအနေ၊ ဆီအုန်းခြံများ၌ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းက မကွေးတိုင်းအတွင်း လယ်မြေ၊ ယာမြေဖော်ထုတ်လုပ်ကိုင်နေသည့် ဌာနများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအား မြေယာများချထားပေးခဲ့မှု၊ လုပ်ပိုင်ခွင့်ရ မြေယာများတွင် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဝါကြီး၊ ချည်မျှင်ရှည်ဝါနှင့် အခြားသီးနှံများ စိုက်ပျိုးထားသည့်အခြေအနေ၊နှမ်း၊ ကြက်သွန်နီစိုက်ပျိုးရေးအတွက် မြေနေရာ အသစ်ချထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရည်မှန်းချက်ချမှတ်

ယင်းနောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က မွန်ပြည်နယ်တွင် ရော်ဘာ စိုက်ဧကကို တစ်နိုင်ငံလုံး၏ ၄၆ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့မှု၊ မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ငါးနှစ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၀၃–၂၀၀၄ခုနှစ်အထိ စုစုပေါင်းဧက နှစ်သိန်းကျော် စိုက်ပျိုးနိုင်ခဲ့မှု၊ ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၈–၂၀၀၉ခုနှစ်အထိနှစ်စဉ် ရော်ဘာစိုက်ဧက တိုးတက်စိုက်ပျိုး နိုင်ရေးအတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်က ဧရာဝတီတိုင်းအတွင်း မိုးစပါး စိုက်ဧက ၃၆ သိန်းပြည့်မီရေးနှင့် မွေးမြူရေး ဧကတစ်သိန်းပြည့်မီရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပါဝင်ပူးပေါင်းအကောင်အထည်ဖော်ရေး၊ လုပ်ငန်းရှင်များ၏ လက်ရှိလုပ်ကွက်များ၌ မိုးသီးနှံစိုက်ပျိုးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

နည်းပညာပံ့ပိုးပေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က တိုင်းရင်းသားလုပ်ငန်းရှင်များအား ပြည်နယ်၊ တိုင်းများ၌ စိုက်ပျိုးရန် မြေနေရာ ခွင့်ပြုချထားမှု၊ လုပ်ငန်းရှင်များ၏ ကုမ္ပဏီ အလိုက် မြေယာများဖော်ထုတ်စိုက်ပျိုးပြီးစီးမှု၊ တနင်္သာရီတိုင်းအတွင်း ဆီအုန်း၊ ဆီကြိတ် စက်ရုံထူထောင်ပြီး စီးမှု၊ ဆီအုန်း စိုက်ပျိုးစရိတ်ချေးငွေ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှု၊ ကော်ဖီ၊ မက္ကဒေးမီးယား တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လိုသူ များအတွက် မြေယာ၊ မျိုးနှင့် နည်းပညာပံ့ပိုး ကူညီပေးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီအလိုက် စီမံဆောင်ရွက်မှုများနှင့်လုပ်ငန်း ဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စိုက်ပျိုးမြေရယူထားသည့် ကုမ္ပဏီအလိုက် လျာထားချက်များနှင့်အညီ သီးနှံများကို တိုးချဲ့ စိုက်ပျိုးရေး၊ လုပ်ကွက်အလိုက် သီးနှံစိုက်ဧက၊အထွက်နှုန်းစသည့် ကိန်းဂဏန်းများ မှန်ကန်စွာပြုစုရေး၊ လုပ်ငန်းရှင်များအား မြေယာလုပ်ကိုင်ခွင့်အမြန်ခွင့်ပြုရေး၊ အမှန်တကယ် တောရှင်းစိုက်ပျိုးသည့် မြေများကို လုပ်ပိုင်ခွင့်များ တရားဝင်အပ်နှင်းရေး၊ ဒေသခံတောင်သူလယ်သမားများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ညှိနှိုင်း အစည်းအဝေး (၇/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ညှိနှိုင်းအစည်းအဝေး (၇/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၆

၁၉၅၄–၁၉၇၄စာသင်နှစ်အတွင်း အမက၊ အလက(၁)သဃ်န်းကျွန်း၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယ အကြိမ် အာစရိယပူဇော်ပွဲကို ယခု အထက(၄) လေးထောင့်ကန်ရပ်ကွက် သဃ်န်းကျွန်းကျောင်း၌ အောက်တိုဘာ ၃ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးလေးဆွေ(ကျောင်းအုပ်အထက–၄) ဖုန်း–၅၇၇၉၀၈၊ ဦးမြင့်အောင် ဖုန်း–၀၉–၈၀၂၂၅၅၇၊ ဦးမြင့်အောင်(ကုံ့ကော်အော့ဖ်စက်ပုံနှိပ်လုပ်ငန်း)ဖုန်း–၂၅၂၅၅၁၊ ဦးလှထွန်း ဖုန်း–၇၀၆၂၇၄၊ ဦးမောင်မောင်နိုင်(ဓာတ်ပုံ)ဖုန်း–၅၇၇၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၆



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာဌာနကထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ (၃)၊ အမှတ်(၁၁)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် အောင်စည်ဟိန်း၊ တက္ကသိုလ် မြတ်သူ၊ ကေတုနီလာ၊တက္ကသိုလ်တင်ခ၊ လှထွန်း(တွံတေး)၊ မောင်ပညာကျော်၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်) အမျိုးသားစာပေဆုရ၊တက္ကသိုလ်သခ်၊ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)တို့၏ သုတရသဆောင်းပါးများ၊ မင်းသွေးနွယ် (ဇီးကုန်း)၏ ကဗျာတို့နှင့် ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

စက်တင်ဘာ ၁၆ရက်က (၇၁)နှစ်မြောက် မလေးရှားနိုင်ငံ တပ်မတော်နေ့ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီးတို့တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာမလေးရှားနိုင်ငံသံရုံးမှ Defence Advisor Col. Hj. Abbas Bin Hj Mat နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

● ကျောဖုံးမှ

ဘာသာတွဲ အမှတ်စဉ်(၂)(၃)(၄)များဖြင့်ဖြေဆိုမည့်သူများအတွက်ပန်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ် ပညာရေးမှူးရုံးတွင် ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၉ ရက်အတွင်း တင်သွင်းကြရမည် ဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်းများ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများ ဝယ်ယူပြီးလျှောက်လွှာ တစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံ စာစစ်အဖွဲ့ရုံးသို့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်သည်။

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့်စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့်ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိမရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်းကို သတိပြုစေလိုသည်။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့(ဖွဲ့ကပင်ဆောင်) တွင် လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူသားအားလုံးတွင် တာဝန်ရှိသည်

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့လူသားထု တစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက် ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မူးယစ်ဆေးဝါးပြဿနာသည် လူသားထုတစ်ရပ်လုံး၏ ဘုံရန်သူဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ပြည်သူပြည်သားများအား ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပျောက်ကွယ်ရေးလုပ်ငန်းစဉ်များတွင် ကမ္ဘာသူကမ္ဘာသားအားလုံး ဝိုင်းဝန်းပါဝင်ကြရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ခြင်းများအား မြန်မာ့မြေပေါ်မှ အပြီးတိုင် ချုပ်ငြိမ်းပျောက်ကွယ်သွားရေးအတွက် စနစ်တကျစီမံကိန်းချ၍ ဆောင်ရွက်နေသည်။ မဟာဗျူဟာများ၊ နည်းဗျူဟာများလည်း တိတိကျကျချမှတ်လျက် တစိုက်မတ်မတ် အကောင်အထည်ဖော်လျက် ရှိသည်။

လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်စိန်ခေါ်နေသည့် ဤအန္တရာယ်ဆိုးကြီးကို တိုက်ဖျက်သည့်နေရာတွင် အဓိကအားဖြင့် မြန်မာနိုင်ငံသည် အမှီခိုကင်းစွာ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၍ ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုနည်းတူစွာ တစ်ဖက်ကလည်း လုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပံ့ပိုးကူညီမှုများကိုလည်း ကြိုဆိုခဲ့သည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးကို ရှေးရှုလျက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် အလှူရှင်နိုင်ငံများဖြစ်ကြသည့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံနှင့် အီတလီနိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၀၃ခုနှစ် မေလ ၁၈ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မိုင်းကာဆည်နှင့် ရေသွယ်မြောင်းအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ မိုင်းကာဆည်သည် အဆိုပါဒေသ မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေး၏ ပဏာမ ခြေလှမ်းဖြစ်သည်။

မိုင်းကာဆည် ရေသွယ်မြောင်းကို ၂၀၀၂ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့တွင် စတင်တည်ဆောက်ခဲ့သည်။ မိုင်းကာဆည်ရေသွယ်မြောင်းဖြစ်ပေါ်ရေးကို ဒေသခံတိုင်းရင်းသားများက များစွာလိုလားကြသည်။ မိုင်းကာဆည် ပင်မရေသွယ်မြောင်းသည် ၅ ဒသမ ၈ မီတာရှည်ပြီး အကျယ် ၁ မီတာရှိသည်။ ရေဖြန့်ခွဲမြောင်းမှာ မီတာ ၇၀၀၀ရှိသည်။ လယ်မြေ ၅၀၀ဟက်တာကျော်ကို ရေဖြန့်ဝေပေးနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများအတွက် အလွန်ကောင်းမွန်သည့် ရလဒ်ဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရ၊ UNODC (United Nations Office on Drugs and Crime) နှင့် ဒေသခံတိုင်းရင်းသားတို့ ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ဆောင်ရွက်ရာတွင် မိုင်းကာဆည် ရေသွယ်မြောင်း ဖွင့်နိုင်ခဲ့ခြင်းသည် အလွန်အရေးပါ အရာရောက်သည့် ခြေလှမ်းသစ် တစ်ခုအဖြစ် ကမ္ဘာကသိအောင် ဖွင့်လှစ်ပြသလိုက်ခြင်းပင် ဖြစ်သည်။

ဤမိုင်းကာဆည် ရေသွယ်မြောင်းသည် ဘိန်းစိုက်ပျိုးမှု အစားထိုးစီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကို ပိုမိုမြှင့်တင်သွားရန် မလွဲမသွေ အထောက်အကူ ဖြစ်စေမည့် ဆည်ကြီးဖြစ်သည်။ ထို့ပြင် မိုင်းကာဆည် ရေသွယ်မြောင်းသည် သာမန်ဆည်ရေသွယ်မြောင်းတစ်ခု မဟုတ်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ ပူးပေါင်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး လုံးဝပပျောက်ရေးအတွက် သန္နိဋ္ဌာန်ချထားပြီး ယင်းရည်ရွယ်ချက်နှင့်အညီ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို အများသိပြီးဖြစ်သည်။ စီမံကိန်း၏ ပထမငါးနှစ်အတွင်းမှာပင် တိုးတက်အောင်မြင်မှုများရရှိသည်။ သို့ဖြစ်၍ စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်သို့ မဝေးတော့သော အနာဂတ်တွင် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်စွာ အရောက်လှမ်းနိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်သည်။

ထိုသို့ ယုံကြည်ရခြင်းမှာ-

အမေရိကန်ပြည်ထောင်စုက ပြုလုပ်ခဲ့သည့် ဘိန်းထွက်ရှိမှု လေ့လာရေးနှင့် ကုလသမဂ္ဂမှ ပြုလုပ်ခဲ့သည့် လေ့လာသုံးသပ်မှုများကပါ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုသည် သိသိသာသာကြီး ကျဆင်းသွားသည်ဟု ဖော်ညွှန်း ပြဆိုထားသည်ကို အားတက်ဖွယ်ရာ အောင်မြင်မှုအဖြစ် မြင်တွေ့ရခြင်းကြောင့် ဖြစ်သည်။

ထိုအောင်မြင်မှုများသည် ပြည်သူများ၏ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်မှု၊ အထူးသဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ပူးပေါင်းပါဝင်မှုများကြောင့် ရရှိခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးထုတ်လုပ်ရေးကို ပပျောက်အောင် တိုက်ဖျက်နေသကဲ့သို့ အက်ဖက်တမင်း စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာကိုလည်း ထိုနည်းတူစွာ သန္နိဋ္ဌာန်ချပြီး တိုက်ဖျက်နေသည်ပင်။ ယခုအခါ ပြင်းထန်စွာ အရေးယူဆောင်ရွက်နေမှုကြောင့် စိတ်ကြွရူးသွပ်ဆေးအမြောက်အမြားကို ဖမ်းဆီးတားမြစ်နိုင်ခဲ့သော်လည်း ဤပြဿနာကို ဖြေရှင်းရာတွင် ပြဿနာဇာစ်မြစ်ကို ကိုင်တွယ်နိုင်ရန် လိုအပ်နေသေးသည်ဟုလည်း ခံယူထားခဲ့သည်။

ဓာတုဗေဒပစ္စည်းမရှိလျှင် ဆေးပြားများလည်းမရှိနိုင်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံအတွင်း Precursor ဓာတုပစ္စည်း ဝင်ရောက်ခြင်းမရှိစေရန် နိုင်ငံတကာအသိုင်းအဝိုင်း၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု အထူးပင် လိုအပ်လျက်ရှိသေးသည်။

ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် စစ်မှန်သည့် စေတနာနှင့် မှန်ကန်သော လက်တွေ့လုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြခြင်းသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသပြည်သူများ၏ အခြေခံလိုအပ်ချက်များ မြှင့်တင်ဖြည့်ဆည်းပေးရေးအတွက် အခွင့်အလမ်းများ ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှုကြောင့် မည်သည့်ဒေသနှင့်မဆို လက်လှမ်းမီလာသည်။ သို့ဖြစ်၍လည်း ယခင်ကနှင့် မတူ အခြေအနေကောင်းများ ပြောင်းလဲဖြစ်ပေါ်လျက်ရှိနေပြီ။

ထိုသို့ ပြောင်းလဲလာသော အခြေအနေများကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးကို တားဆီးနှိမ်နင်းရေးလုပ်ငန်းတစ်မျိုးတည်းဖြင့် ကြိုးပမ်းဆောင်ရွက်နေရာမှ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး တဖြည်းဖြည်း လျော့နည်းပပျောက်သွားရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးအတွက် လောက်ကိုင်ဒေသတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ-ထိုင်း မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာ စီမံကိန်းအရ ဆောက်လုပ်ပြီးစီးခဲ့သည့် (၁၆)ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂ရက်နေ့က ယောင်ခကျေးရွာတွင် ကျင်းပခဲ့သည်။ နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းဖြစ်သည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ထိုင်းနိုင်ငံသုံးငွေဘတ်သန်း ၂၀ ပံ့ပိုးမှုဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလည်းဖြစ်သည်။

၂၀၀၁-၂၀၀၂ ခုနှစ်များတွင် နှစ်နိုင်ငံ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးသဘောတူညီချက်အရ တာချီလိတ်မြို့ အနောက်ဘက်မိုင် ၃၀အကွာ ယောင်ခကျေးရွာအုပ်စုကို စီမံကိန်းနယ်မြေအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယောင်ခကျေးရွာ တစ်ရွာတည်းသာမက ကျေးရွာပေါင်း ၁၃ရွာပါဝင်သည့် ယောင်ခကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ဒေသခံ တိုင်းရင်းသားအားလုံးကို အကျိုးပြုသည့် စီမံကိန်းဖြစ်သည်။

စီမံကိန်းကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ဘက်စုံဖွံ့ဖြိုးရေးအဖြစ် အကောင်အထည်ဖော်ခဲ့ရာ ပညာရေးကဏ္ဍတွင် ကျောင်းသား(၅၀၀)ဆံ့ အခြေခံပညာ မူလတန်းကျောင်း တစ်ကျောင်းကို ၂၀၀၃ခုနှစ် မေလတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ဇွန်လတွင် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမ၁၀ဦးဖြင့် ကျောင်းသား ၂၂၂ဦးတို့အား စတင်ဖွင့်လှစ် သင်ကြားပေးခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလမှစ၍ (၁၆)ခုတင်ဆံ့ ဆေးရုံနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမ လေးဦးတို့ဖြင့် ဒေသခံတိုင်းရင်းသားများအား ဆေးဝါးကုသ၍ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဘိန်းအစားထိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ပြီး ကုန်းမြင့်လယ်မြေဧက ၁၃၀၀နှင့် လယ်မြေဧက ၉၀၀ စုစုပေါင်းဧက ၂၂၀၀ကျော် စပါးစိုက်ပျိုးလျက်ရှိရာ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေးအတွက် အသေးစားတမံများ ဆောက်လုပ်ရန်လည်း စီစဉ်ခဲ့သည်။

ယခုအခါ အသေးစား တမံခြောက်ခုနှင့် ရေသွယ်မြောင်း ကီလိုမီတာ ၂၀ကို ကျေးရွာနေ ပြည်သူများနှင့် ပူးပေါင်းဆောက်လုပ်ခဲ့ပြီး လယ်မြေဧက ၈၄၀ ကျော်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်သဖြင့် ဝမ်းစာဖူလုံသည့်အပြင် ဆန်တန် ၂၀၀၀ကျော်ခန့် ပိုလျှံခဲ့သည်။

စံပြစိုက်ပျိုးရေး ပညာပေးစခန်းအဖြစ် ပဲပုပ်၊ ငါး၊ မျှစ်ချို၊ မက္ကဒေးမီးယားစသည့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးစေခဲ့သည်။ စီမံကိန်းဒေသမှထွက်ရှိသည့် ဘိန်းအစားထိုးသီးနှံများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန်လည်း စီစဉ်ထားသည်။

မွေးမြူရေးကဏ္ဍတွင် ငါးကန်များတူးဖော်၍ ငါးခူ၊ တီလားဗီးယားစသည့် ငါးများ မွေးမြူခြင်း၊ ဒေသနှင့်ကိုက်ညီသော ဥစားကြက်၊ အသားစားကြက်၊ ဝက်များ မွေးမြူထားရှိပြီး ကျေးရွာအိမ်ထောင်စုများအားလုံးထံ ဖြန့်ဝေမွေးမြူရန် စီစဉ်လျက်ရှိသည်။

တစ်ဖန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို ပေါင်းကူးဆက်သွယ်ပေးသည့် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား ဆောက်လုပ်ရေးဆိုင်ရာ မြန်မာ-ထိုင်းသဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို တာချီလိတ်ခရိုင် တာချီလိတ်မြို့ ရွှေတြိဂံဟိုတယ်ဧည့်ခန်းမ၌ ကျင်းပခဲ့သည်။ မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂) တည်ဆောက်ခြင်းသည် နှစ်နိုင်ငံပြည်သူများအကြား လေးနက်ခိုင်မာစွာ ဖြစ်ထွန်းနေပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ထင်ရှားစွာ ဖော်ထုတ်ပြသခြင်းပင်ဖြစ်သည်။

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) ပေါ်ထွန်းလာသည်နှင့် ထိုင်းနိုင်ငံအတွက်ရော မြန်မာနိုင်ငံအတွက်ပါ အကျိုးများစွာဖြစ်ထွန်းနိုင်သည်။ နှစ်နိုင်ငံကူးသန်းရောင်းဝယ်မှု၊ ပြည်သူအချင်းချင်း ကူးသန်းဆက်သွယ်မှုများ တိုးပွားလာမည်ဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာမည်။ ဤသည်မှာ မဲခေါင်မြစ်ဝှမ်းတွင် မှီတင်းနေထိုင်ကြသော နှစ်နိုင်ငံပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် တိုးတက်ဖြစ်ထွန်းမှုရလဒ်ပင်ဖြစ်သည်။

ထိုတံတားသစ်ကြီးသည် နှစ်နိုင်ငံပြည်သူများအတွက် ကြီးမားသော အကျိုးရလဒ်ကောင်းများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုကိုလည်း ဖြစ်ထွန်းစေနိုင်သည်။ တံတားသစ်ကြီးသည် မြန်မာနှင့် ထိုင်းနိုင်ငံအတွက်သာမက တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသတစ်ခုလုံးကို ဆက်စပ်ပေးမည့် တံတားကြီးလည်းဖြစ်သည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံကြုံတွေ့ရသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပြီး အေးအတူပူအမျှ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် အစဉ်အမြဲ အသင့်ရှိနေသည်ကို နိုင်ငံတကာသို့ ထင်ရှားစွာ ပြသလိုက်ခြင်းလည်း ဖြစ်ပေသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ကြီးမားသော အမြော်အမြင်နှင့် ကြိုးပမ်းဆောင်ရွက်မှုများမှာ နှစ်နိုင်ငံအကြားတွင် သမိုင်းမှတ်တိုင်သဖွယ် မော်ကွန်းတွင်ရစ်မည်လည်း ဖြစ်သည်။ တံတားသစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်ခဲ့လျှင် နှစ်နိုင်ငံပြည်သူများအတွက် ကြီးမားသော အကျိုးရလဒ်ကောင်းများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုများကိုလည်း ဖော်ဆောင်လာလိမ့်မည်။

မှန်သည်။ နယ်မြေဒေသ အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်စေရေးရည်ရွယ်လျက် မိသားစုစားဝတ်နေရေးဖူလုံရန် လယ်စပါး၊ ပြောင်းဖူး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှု၊ ကြက်၊ ဝက်မွေးမြူမှု၊ တစ်ဦးချင်းဝင်ငွေရရှိရေးအတွက် နှစ်တိုနှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် ဒေသဌအကျိုးဖြစ်ထွန်းစေမည့် လက်ဖက်၊ မက္ကဒေးမီးယားနှင့် အခြားသီးနှံများ စိုက်ပျိုးရေးလုပ်ငန်းများကို စီးပွားဖြစ် တစိုက်မတ်မတ် ဇောက်ချ၍ လုပ်ကိုင်နိုင်လိမ့်မည်ပင်။

ဤသို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ ဒေသနေပြည်သူများ၏ စီးပွားရေးဘဝ၊ ပညာရေးဘဝ၊ လူမှုရေးဘဝ၊ ကျန်းမာရေးဘဝစသဖြင့် အဘက်ဘက်မှ လူနေမှုဘဝတစ်ခုလုံးတိုးတက်ပြောင်းလဲသွားမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နယ်စွန်နယ်ဖျားဒေသများအထိ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လာခဲ့လျှင် တရားဥပဒေစိုးမိုးရေး လက်တံသည်လည်း ပိုမိုရှည်လျားလာလိမ့်မည်။

တစ်ဖန် ဒေသနေပြည်သူများ၏ မိသားစုစားဝတ်နေရေးဘဝ ဖူလုံလာခဲ့ပြီဆိုပါလျှင် တရားမဝင် စိုက်ပျိုးထုတ်လုပ်သောဘိန်းစသည့် မူးယစ်ဆေးဝါးများသည် အလိုလိုချုပ်ငြိမ်းပျောက်ကွယ်သွားမည်သာ ဖြစ်ပါသည်။ ။

ထိုတံတားသစ်ကြီးသည် နှစ်နိုင်ငံပြည်သူများအတွက် ကြီးမားသော အကျိုးရလဒ်ကောင်းများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုကိုလည်း ဖြစ်ထွန်းစေနိုင်သည်။ တံတားသစ်ကြီးသည် မြန်မာနှင့် ထိုင်းနိုင်ငံ အတွက်သာမက တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသတစ်ခုလုံးကို ဆက်စပ်ပေးမည့် တံတားကြီးလည်း ဖြစ်သည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံကြုံတွေ့ရသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပြီး အေးအတူပူအမျှ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် အစဉ်အမြဲ အသင့်ရှိနေသည်ကို နိုင်ငံတကာသို့ ထင်ရှားစွာ ပြသလိုက်ခြင်းလည်း ဖြစ်ပေသည်။

နွယ် (သာယာဝတီ)

ခုံးကျော်တံတားများတည်ဆောက်ပေးခြင်းဖြင့် မြို့ပြဖွံ့ဖြိုးမှုအထောက်အကူပြု ရထားဖြတ်သန်းချိန်တွင်စောင့်ဆိုင်းစရာမလိုဘဲ လွယ်ကူစွာသွားလာနိုင်မည်ဖြစ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ပါရမီခုံးကျော်တံတားဖွင့်ပွဲ၌ အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းတို့ ဆက်သွယ်ရာ ပါရမီခုံးကျော်တံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်၍ အောင်မြင်စွာပြီးစီးသွားသော ပါရမီခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းတို့ကို ဆက်သွယ်ရာ ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံရှိ အဆိုပါ ပါရမီခုံးကျော်တံတား မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

တံတားဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့်ဦးဖေသန်း၊ ဌာနဆိုင်ရာများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်နှင့်အနောက်ပိုင်းခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တံတားတည်ဆောက်ရေးတာဝန်ခံနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်တို့မှ ပြည်သူများ၊ စေတနာသမ္မာရဝတ်အသင်း စည်တော်အဖွဲ့၊ အခြေခံပညာကျောင်းများမှ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ရောင်စုံအလံအကအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာ၌နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင်နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားသွန် ကြိုးပမ်းအကောင်အထည်ဖော်ခြင်းများကို နိုင်ငံတစ်ဝန်းအနှံ့အပြား၌ တွေ့မြင်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့်ကြည့်လျှင် ရန်ကုန်မြို့၏ လူဦးရေနှင့် မော်တော်ယာဉ်စီးရေလည်း တစ်နေ့တခြားများပြားလာနေကြောင်း၊ လွန်ခဲ့သော (၁၀)နှစ်က မော်တော်ယာဉ်စီးရေ ၂၉၄၅၉၀ ရှိရာကနေ လက်ရှိအခြေအနေတွင် မော်တော်ယာဉ်စီးရေ ၉၄၉၉၉၄ စီးရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြို့သစ်များတည်ဆောက်ပေးခြင်း၊ လမ်းများတိုးချဲ့ပေးခြင်း၊ တံတားများတည်ဆောက်ပေးခြင်းတို့အပြင် ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ၌ မီးရထားခုံးကျော်တံတားများ တည်ဆောက်ရေးကော်မတီအနေဖြင့် တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်အစပ် မြို့ပတ်ရထားလမ်းနှင့် ပါရမီလမ်းကူး Level Crossing နေရာကို မြို့ပတ်ရထားဖြတ်သန်းစဉ်အချိန်တွင် လမ်းများ ပိတ်ထားရမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ယခုကဲ့သို့ ခုံးကျော်တံတားများ တည်ဆောက်ပေးခြင်းဖြင့် မြို့ပြဖွံ့ဖြိုးစေပြီး အများပြည်သူသွားလာမှုနှင့် မော်တော်ယာဉ်များ စီးဆင်းရွေ့လျားမှု ချောမွေ့ရေးကို များစွာအထောက်အကူပြုလျက်ရှိကြောင်း။

လျှင်မြန်စွာဆောင်ရွက်နိုင်မည်

ယနေ့ဆိုလျှင် ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်အညီ အဆင့်မြင့်တင်တည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိရာ ခြောက်လမ်းသွားလမ်းမကြီးများအဖြစ်တိုးချဲ့ခြင်း၊ မီးရထားလမ်းနှင့် မော်တော်ကားလမ်းဖြတ်သန်းရာ Level Crossing နေရာများတွင် ခုံးကျော်တံတားများတည်ဆောက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ပါရမီခုံးကျော်တံတားကြီးသည် အခိုင်ခံ့ဆုံးနှင့် အလှပဆုံးဖြစ်ပြီး လှိုင်သာယာ၊ ရွှေပြည်သာစက်မှုဇုန်များနှင့် တောင်ဒဂုံ/မြောက်ဒဂုံစက်မှုဇုန်သို့ ယခင်ကလို ရထားဖြတ်သန်းချိန် အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေစရာမလိုဘဲ လွယ်ကူစွာသွားလာ နိုင်တော့မည်ဖြစ်ပြီး စက်မှုကုန်ထုတ်စွမ်းအားစုများကို အချိန်တိုတိုနှင့်လျှင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယင်းတံတားသစ်ကြီးကို သတ်မှတ်လျာထားရက်ထက်စော၍ ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့မီးရထားမှ ကာယဉာဏဝန်ထမ်းများအားလည်းကောင်း၊အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့သည့် ဌာနဆိုင်ရာများအားလည်းကောင်း၊ တံတားသစ်ဖွင့်လှစ်သည့်အခမ်းအနားတွင် ကူညီပံ့ပိုးပေးခဲ့ကြသော အဖွဲ့အစည်းအသီးသီးအားလည်းကောင်း၊ ယနေ့ဖွင့်ပွဲအခမ်းအနားကို ကြွရောက်ချီးမြှင့်ကြသည့်မိဘပြည်သူများနှင့်ဧည့်သည်တော်ကြီးများအား လည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းသစ် စီမံကိန်းများတွင် ပါဝင်သည့် တံတားပေါင်းများစွာကို တည်ဆောက်ပေးခဲ့သကဲ့သို့ ရန်ကုန်၊ မန္တလေး၊ ပဲခူး စသည့် မြို့ကြီးများတွင်လည်း ခုံးကျော်တံတားပေါင်း ၁၇ ခုကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် မြို့ပြများ၏ ယာဉ်သွားလာမှု ချောမွေ့စေရေးကိုအထောက်အကူပြုစေခဲ့ကြောင်း။

ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှု ပိုမိုများပြားလာသည့်အပြင် မြို့ပတ်နှင့် ဆင်ခြေဖုံး လော်ကယ်ရထားများသည် ၁၅ မိနစ်လျှင် တစ်ကြိမ်သွားလာနေခြင်းကြောင့် ကားလမ်းနှင့် ရထားလမ်းဆုံသည့်နေရာများတွင် ရထားဖြတ်သန်းသွားချိန်၌ ကားလမ်းကူးဂိတ်တံခါးများ ပိတ်ထားရကြောင်း၊ ထိုအချိန်တွင် ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းရပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရထားလမ်းကူး ခုံးကျော်တံတားများကို အဆင့်လိုက် တည်ဆောက်လျက်ရှိကြောင်း။

မျက်မြင်ကိုယ်တွေ့

ရန်ကုန်မြို့ပတ်ရထားလမ်းသည် အရှည် ၂၉ ဒသမ ၅မိုင်ရှိပြီး မြို့ပတ်ရထားများ တစ်နေ့လျှင် ၁၄ ဆိုင်းဖြင့် ၁၆၂ ခေါက်နှုန်း ပြေးဆွဲလျက်ရှိကြောင်း၊ အချို့မြို့ပတ်ရထားများက တစ်ပတ်အပြည့်ပတ်ပြီး အချို့မြို့ပတ်ရထားများက တစ်ဝက်ပတ်နေကြောင်း၊ ရုံးဆင်းရုံးတက်ချိန်များတွင် ၁၅ မိနစ်လျှင် ရထားတစ်စင်းနှုန်း ပြေးဆွဲလျက်ရှိပြီး ရထားလမ်းကူးများ၌ အချို့နေရာများတွင် ၄၆ ကြိမ်၊ အချို့နေရာများတွင် ၈၄ ကြိမ် ပိတ်ထားရကြောင်း၊ ထိုသို့တစ်ကြိမ်ပိတ်တိုင်း ကားစီးရေ ၆၀ မှ ၈၀ အထိ စောင့်ဆိုင်းနေကြရကြောင်း၊ မြန်မာ့မီးရထားသည် ယခုပါရမီခုံးကျော်တံတားအပါအဝင် ကားလမ်းကူး ၂၃ နေရာကို ခုံးကျော်တံတားအဖြစ် မြန်မာ့မီးရထားအင်ဂျင်နီယာများက အားသွန်ခွန်စိုက်ကြိုးစားတည်ဆောက်ခဲ့သည်မှာ မိဘပြည်သူများ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

မြို့ပတ်ရထားလမ်းနှင့် ကားလမ်းဆုံမည့်နေရာများအနက် မဖြစ်မနေ တည်ဆောက်ရမည့် ကားလမ်းကူး **နေရာ ရှစ်နေရာ ကျန်ရှိနေပြီး ၎င်းရထားလမ်းနှင့် ကားလမ်းကူးနေရာများမှာ ကျောက်ရေတွင်းလမ်းဆုံ၊ နာနတ်တောလမ်းဆုံ(တည်ဆောက်ရန် ပြင်ဆင်လျက်ရှိ)၊ တညင်းကုန်းလမ်းဆုံ၊ ပါရမီ(၂)လမ်းဆုံ၊ ကံဘဲ့လမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ ဘောက်ထော်လမ်းဆုံ၊ အမှတ်(၄)လမ်းမ ဆုံတို့ဖြစ်ကြောင်းနှင့် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသများပါမကျန် ကွက်လပ်မရှိစေရန် ဖြည့်ဆည်းပေးရမည်ဟူသော မူဝါဒနှင့်အညီ ၂၀၀၄ ခုနှစ် မတ် ၃၀ရက်၌ ပြုလုပ်သော အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပါရမီခုံးကျော်တံတားကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆင့်မြင့်အိမ်ရာစီမံကိန်းအစည်းအဝေး၁/၂၀၀၄ ၌ တံတားများအနက် အလှပဆုံး၊ အခိုင်ခံ့ဆုံးနှင့် အချိန်အနည်းဆုံးဖြင့် တည်ဆောက်နိုင်သည့် တံတားဖြစ်ရမည်ဟု လမ်းညွှန်မှာကြားခဲ့၍ မြန်မာ့မီးရထားအင်ဂျင်နီယာများက ဧပြီ ၂၄ ရက်မှစ၍ နေ့ရောညပါ အားသွန်ခွန်စိုက် တည်ဆောက်ခဲ့သဖြင့် သတ်မှတ်ထားသည့်ကာလထက် တစ်လနှင့် ကိုးရက်စော၍ ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့သဖြင့် ပြည်သူများသွားလာမှု လွယ်ကူစေရေးကို စော၍ အကျိုးပြုနိုင်ကြောင်း** ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် တံတား၏ အချက်အလက်နှင့် စံချိန်စံညွှန်းများကို ဖတ်ကြားတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များသည် ပါရမီခုံးကျော်တံတားမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်အခါဖြစ်သည့် နံနက် ၈ နာရီ ၁ မိနစ်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ပါရမီခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထိုအချိန်တွင် စေတနာသမ္မာရဝတ်အသင်း စည်တော်အဖွဲ့က စည်တော်ရွှမ်း၍လည်းကောင်း၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ရောင်စုံအလံအဖွဲ့တို့မှ ကျောင်းသားကျောင်းသူများက တီးမှုတ်ကခုန်ကြလျက်လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက လက်ခုပ်ဩဘာသံများဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များသည် ကျောင်းသားကျောင်းသူ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့များနှင့် အတူ ပါရမီခုံးကျော် တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုကြပြီး တံတားဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ပါရမီခုံးကျော်တံတား ဝေဇယန္တာလမ်းဘက်ခြမ်းတံတားဖွင့်ပွဲ အထိမ်းအမှတ်မုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယခုဖွင့်လှစ်လိုက်သော ပါရမီခုံးကျော်တံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူ၍ ၂၀၀၄ခုနှစ် ဧပြီ ၂၄ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သဖြင့် ယခုဖွင့်လှစ်သည့်နေ့အထိ လေးလနှင့် ၂၄ရက်သာ ကြာမြင့်ခဲ့သည်။

ပါရမီခုံးကျော်တံတားသည် ပင်မတံတားအရှည် ၇၄၂ ပေ ၆ လက်မ၊ ချဉ်းကပ်လမ်းအရှည် ကမ္ဘာအေးစေတီလမ်းဘက်ခြမ်း၌ ၁၇၈ ပေ ၆ လက်မ၊ ဝေဇယန္တာလမ်းဘက်ခြမ်း၌ ၂၅၅ ပေ စုစုပေါင်း အရှည် ၁၁၇၆ ပေ ရှိပြီး တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့်ကွန်ကရစ်တံတားပေါင်နှင့် သံကူကွန်ကရစ် Box Girder Bridge အမျိုးအစားဖြစ်ကာ အောက်ထည်မှာ သံကူကွန်ကရစ်ပိုင်နှင့် သံကူကွန်ကရစ်တိုင် အမျိုးအစားဖြစ်သည်။ တံတားအကျယ်မှာ လေးလမ်းသွားကားလမ်း ၄၈ ပေ၊ လူသွားလမ်း လေးပေစီ နှစ်ဖက်စုစုပေါင်း ၅၆ပေဖြစ်ပြီး တံတား၏ခံနိုင်ဝန်မှာ တန် ၆၀ဖြစ်သည်။ တံတား၏ အောက်ဘက်ရထားလမ်း ကင်းလွတ်အမြင့်မှာ ၁၄ပေရှိပြီး တံတား၏ တစ်ဖက်တစ်ချက်စီတွင် ရပ်ကွက်အတွင်း သွားလာရန် ကားလမ်းများပါရှိသည်။

အဆိုပါ ပါရမီခုံးကျော်တံတားသည် ရန်ကုန်မြို့တော်၏ ဂုဏ်အင်္ဂါနှင့်အညီ လှပသေသပ်ခိုင်ခံ့စွာ တည်ဆောက်ထားသော တံတားဖြစ်သည်နှင့်အညီ တံတားဖွင့်ပွဲအကြိုညနှင့် ယနေ့ညတို့တွင် ရောင်စုံမီးများဖြင့် တန်ဆာဆင် ထွန်းညှိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်ဥပဂုတ္တရဟန္တာမြတ် ပူဇော်ပွဲ ကျောက်ကြီးမြို့နယ်၌ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၏ (၁၁၆)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၈ ရက်(တော်သလင်းလပြည့်နေ့)အထိ ရှေးရိုးစဉ်လာမပျက် ကျင်းပသွားမည်ဖြစ်ရာ ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပွဲတော်ရက်များအတွင်း မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) အမျိုးသားရေကူးပြိုင်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ရေပြင်ချောတိုင်တက်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် မြန်မာ့ရိုးရာအမျိုးသမီးလှေတက်ရေး ပြအက၊ တက်ပုံယိမ်း၊ တက်ခုတ်ယိမ်း အလှပြိုင်ပွဲတို့ပါဝင် မည်ဖြစ်ပြီး ညစဉ်ရှင်ဥပဂုတ္တရဟန္တာမြတ်အား ဆီမီးကြာခွက်များဖြင့် မီးမျှောပူဇော်၍ မြန်မာ့ဆိုင်းဝိုင်း၊အငြိမ့်၊ စင်တင်တေးဂီတနှင့် ရုပ်ရှင်တို့ဖြင့် ညွှန့်ခံဖျော်ဖြေသွားမည်ဖြစ်သည်။

ပွဲတော်တွင် အပူဇော်ခံမည့် ရှင်ဥပဂုတ္တ ရဟန္တာရုပ်ပွားတော်မြတ်အား စက်တင်ဘာ ၁၈ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကျောက်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်သွားမည်ဖြစ်ရာ ရန်ကုန်၊ ပဲခူး၊ ညောင်လေးပင်၊ ပဲနွယ်ကုန်းနှင့် ကျောက်ကြီး မြို့နယ် ခရီးလမ်းတစ်လျှောက်မှ ဗုဒ္ဓဘာသာဝင်များ စောင့်မျှော်ပူဇော်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျင်းပမည့်"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ်ရှိ မွတ်စလင်အဘွားသုခရိပ်သာ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းက ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀ နှင့် အလှူရှင်များက လှူဒါန်းထားသော ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မွတ်စလင်အဘွားသုခရိပ်သာ ဥက္ကဋ္ဌ ဟာဂျီဦးခင်မြင့်နှင့် အတွင်းရေးမှူး ဦးသိန်းမောင်တို့က လက်ခံကြကာ ကျေးဇူးတင်စကားပြောကြားကြသည်။

(သတင်းစဉ်)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘိလိယက်ပြိုင်ပွဲ မန္တလေးတွင်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်တို့ကြီးမှူးကျင်းပမည့် ပထမအကြိမ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘိလိယက်အကြီးတန်းနှင့် အငယ်တန်းပြိုင်ပွဲများကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်မှ စတင်ပြီး မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အကြီးတန်း ဘိလိယက်ပြိုင်ပွဲတွင် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်းနှင့် တတိယဆု ကျပ်တစ်သိန်း၊ အငယ်တန်းဘိလိယက် ပြိုင်ပွဲအတွက် ပထမဆုကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းနှင့် တတိယဆု ကျပ် တစ်သိန်းချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကို အောက်တိုဘာ ၁ရက်မှ ၉ရက်အထိ မန္တလေးမြို့ရှိ Fantasy World ဘိလိယက်စင်တာတွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဘိလိယက် အားကစားသမားများသည် မန္တလေးမြို့ရှိ Fantasy World ဘိလိယက် စင်တာတွင်လည်းကောင်း၊ အဖွဲ့ချုပ်အမှုဆောင် ဦးကျောက်ခဲ(ခ)ဦးမျိုးတင့် (မြို့မ ဘိလိယက်အားကစားအသင်း–မန္တလေးမြို့)တွင် လည်းကောင်း၊ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်တွင်လည်းကောင်း စက်တင်ဘာ ၂၇ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဝါတွင်းကာလ ရေဒီယိုဇာတ်လမ်းထုတ်လွှင့်မည်

ရန်ကုန် စက်တင်ဘာ ၁၆

မောင်ဆန္ဒ(လယ်ဝေး)၏ဗုဒ္ဓစာဥယျာဉ်(၂)မှ ဝတ္ထုကို တင်တင်အိဇာတ်ညွှန်းရေးသား စီစဉ်ထုတ်လွှင့်မည့် "မရာပြည့်"ဇာတ်လမ်းကို စက်တင်ဘာ ၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲနှင့် စက်တင်ဘာ ၂၁ရက် မွန်းလွဲ ၁၂နာရီ မိနစ်၂၀တို့တွင်မြန်မာ့အသံရေဒီယိုမှထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် အနုပညာဦးစီးဌာနမှဒေါ်မြင့်မြင့်ကြည်၊ဦးတင်ရွှေနှင့်မြန်မာ့အသံဝန်ထမ်းများပါဝင်သရုပ်ဆောင်ထားကြပြီး နောက်ခံတေးဂီတများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရှာစားစိန်မင်းသားဦးစီးမြန်မာ့ဆိုင်းဝိုင်းကြီးက တီးခတ်ထားကြသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်မဒေါက်မြို့ စိုးရိမ်ရေမှတ်

ရန်ကုန် စက်တင်ဘာ ၁၆

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၁၂၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်၂၄ နာရီအတွင်း ၂၀စင်တီမီတာ (ပေဝက်ခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ် အထက် ၂၈စင်တီမီတာ (တစ်ပေခန့်) ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

အင်းစိန်အမက(၅၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၅ရက်က ကျင်းပရာ တိုင်းပညာရေးမှူး(ငြိမ်း) ဆရာကြီးဦးမြသန်းက ငါးနှစ်ဆက်တိုက် ပထမရရှိသူ မမိုးပန်းအေးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

ယခုသောကြာပတ် မြန်မာဇာတ်ကားသစ်ရုံမဝင် ပြသဆဲ ဇာတ်ကားများ ဆက်လက်ပြသ

ရုပ်ရှင် သတင်း ထောက်

ရန်ကုန် စက်တင်ဘာ ၁၆

ယခုသောကြာပတ်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်ပြသနေသည်။

ကတ္တီပါရင်ခွင်ရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ရိုက်ကူးပြီး လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ဆုပန်ထွာ၊ နင်းဝတ်ရည်သောင်း၊ အေးဝတ်ရည်သောင်းတို့ ပါဝင်သရုပ်ဆောင်ထားသော **'ပင်လယ်မင်းသား'** ဇာတ်ကားသမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။

ရွှေ့ဆောင်နှင့် အဆင့်မြင့် နဝဒေးရုပ်ရှင်ဥယျာဉ်ရုံများတွင် လွင်မိုး၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင် ထားသော **'အပြောင်းအလဲ'** ဇာတ်ကား ပြသနေသည်။

နေပြည်တော်ရုံတွင် Brad Pitt,Eric Bana,Orlando Bloom တို့ ပါဝင်သရုပ်ဆောင်ထားသော 'Troy' ဇာတ်ကား ရုံဝင်လာသည်။

တန်းမြင့် မြို့မရုပ်ရှင်ရုံတွင် မင်းသား Shahrukh Khan, Madhuri Dixit, Aishwarya Rai တို့ ပါဝင်သရုပ်ဆောင်ထားသော 'Devdas' ဇာတ်ကား ရုံဝင်လာသည်။

ရွှေဂုန်အဆင့်မြင့်ရုံတွင် Sylvester Stallone,John Lithgow, Micheal Rooker တို့ ပါဝင်သရုပ်ဆောင်ထားသော Cliffhanger ဇာတ်ကား ရုံဝင်လာသည်။

Cliffhanger **ဇာတ်ကားမှ စတားလုံး၏ သရုပ်ဆောင်ဟန်။**

လေယာဉ်ပေါ်မှ မသမာသူတစ်စုက လုယက်ယူငင်သွားသော ဒေါ်လာသန်း ၂၀မှာ ကယ်လီဖိုးနီးယား နှင်းတောင်တန်းများအပေါ် ကျရောက်သွားခဲ့သည်။ ထိုမသမာသူများက ဒေါ်လာများရယူရန် Stallone အား အကျပ်ကိုင်ကာ လမ်းညွှန်အဖြစ်ခေါ်ဆောင်ခဲ့သည်။ ၎င်းအဖွဲ့မှ Stallone ထွက်ပြေးလွတ်မြောက်ပြီး ဒေါ်လာများရယူသွားသဖြင့် လူဆိုးများမှာ အကြီးအကျယ်ဒေါသဖြစ်ပြီး Stallone ၏ချစ်သူအား ဓားစာခံအဖြစ် ဖမ်းဆီးပြီး ဒေါ်လာများနှင့် လဲလှယ်ရန် အကျပ်ကိုင်ရာ Stallone ၏ ပုံစံတစ်ကိုယ်တော် စွန့်စားခန်းများကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကား ဖြစ်သည်။ ။

(မြန်မာ့အလင်း)



Troy ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

တောင်တန်းတွေနဲ့ ပင်လယ်ပြာ ဗီဒီယိုဇာတ်ကားမှ ဒွေး ၏ သရုပ်ဆောင်ဟန်။

တောင်တန်းတွေနဲ့ ပင်လယ်ပြာဇာတ်ကားရုံဝင်

ရန်ကုန် စက်တင်ဘာ ၁၆

မြို့လယ် စံပြ၊ရွှေမန်း၊သီတာ၊ မြရတနာ(ပဲခူး)ရုံများတွင် ဒွေး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်တို့ ပါဝင်သရုပ်ဆောင်ထားသည့် "တောင်တန်းတွေနဲ့ ပင်လယ်ပြာ"အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားပြသလျက်ရှိသည်။

(မြန်မာ့အလင်း)

ချန်ပီယံလိဂ်ပွဲ ရီးရဲမက်ဒရစ်အရှုံးနှင့်ရင်ဆိုင်ရ နာမည်ကြီးမန်ယူသရေပွဲဖြစ်ပြီး နိုင်ပွဲဝေးနေ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၁၆

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၅ရက်က ဆက်လက်ကျင်းပရာ အုပ်စု(က)မှ (ဃ)အထိ အသင်းများ၏ အုပ်စုအဖွင့်ပွဲစဉ်များအဖြစ် ကစားခဲ့ကြရာတွင် နာမည်ကြီးအသင်းများဖြစ်သည့် ရီးရဲမက်ဒရစ်အသင်းက လေဗာကူဆင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်ရှုံးပြီး မန်ချက်စတာယူနိုက်တက်အသင်းက လိုင်ယွန်အသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့ကာ လီဗာပူးက မိုနာကို အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

လိုင်ယွန်နှင့်မန်ယူ

ချန်ပီယံလိဂ်အုပ်စု(ဃ)တွင်ပါဝင်သည့် လိုင်ယွန်နှင့်မန်ချက်စတာယူနိုက်တက်တို့ လိုင်ယွန်ကွင်း ဒီဂါလန်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ နာမည်ကြီးမန်ယူသရေကျအောင် မနည်းကစားခဲ့ရသည်။ ချန်ပီယံလိဂ်အသင်းကြီးများကို နှစ်စဉ်ဒုက္ခပေးနိုင်ခဲ့သည့် လိုင်ယွန်အသင်းမှာ ယခုနှစ်တွင် အသင်းပြုပြင်မှုများပြုလုပ်ခဲ့ရာ နောက်တန်းအဘီဒယ်၊ ကာကာပါ၊ စီရက်စ်နှင့် အက်ဆန်တို့ဖြည့်ဆည်းထားသော်လည်း အထိုင်မကျသေးသည့်အနေအထားရှိနေသည်။

မန်ယူအသင်းကို ဖာဂူဆန်က ယနေ့ပွဲတွင် ၄း၄း၁း၁ပုံစံဖြင့် ကစားစေခဲ့သဖြင့် နစ္စတယ်ရွိုင်းကို တိုက်စစ်မှူးဦးထားပြီး ပွဲထွက်ခဲ့သည်။ ပွဲစသည်နှင့် လိုင်ယွန်တို့ဖိကစားနိုင်ခဲ့ပြီး ထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့ရာ မန်ယူနောက်တန်းမှ ဝက်စ်ဘရောင်း၊ ဆီဗက်စတာနှင့် ဟိန့်ဇ်တို့က မနားတမ်းဖျက်ထုတ်နေခဲ့ရသည်။

လိုင်ယွန်၏တိုက်စစ်မှူးများ ဖြစ်သည့် ဂိုဗူးနှင့် ဝီလ်တော့တို့က အတွဲညီညီထိုးဖောက်ကစားနိုင်ရာ မန်ယူနောက်တန်းကို မွှေနှောက်တိုက်စစ်ဆင်ကစားခဲ့ရာမှ ပွဲချိန် ၃၅မိနစ်တွင် လိုင်ယွန်မှ ခရစ္စတင်းနိုစီရက်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ လိုင်ယွန်တို့ဆက်ပြီး မန်ယူဘက်ကိုဖိကစားထားနိုင်ရာ မန်ယူအသင်းကစားကွက်တည်မရနိုင်အောင် ဖြစ်ခဲ့ရာမှ ပွဲချိန် ၄၄မိနစ်တွင် လိုင်ယွန်အလယ်တန်းကစားသမား အလန်ဖရူးက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းလိုင်ယွန်က နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ခြေပျက်နေသည့် မန်ယူတို့ ဒုတိယပိုင်းတွင်ကစားကွက်ပုံစံပြောင်းပြီး ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားရာ ပွဲချိန် ၅၆မိနစ်တွင် မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းက ခေါင်းတိုက်ပြီး ပထမချေပဂိုးသွင်းယူနိုင်သလို ပွဲချိန် ၆၁မိနစ်တွင် နစ္စတယ်ရွိုင်းကပင် ဒုတိယဂိုးသွင်းယူနိုင်ခဲ့သည်။

မန်ယူတို့ချေပဂိုးရရှိပြီး အနိုင်ဂိုးရရှိရေးကြိုးစားကစားရာ ပွဲချိန် ၇၉ မိနစ်တွင် နစ္စတယ်ရွိုင်းအစား စမစ်ဝင်ရောက်ကစားခဲ့သည်။ မန်ယူအသင်းဒုတိယပိုင်းတွင်ကစားကွက်အသာ၊ ခြေအသာဖြင့် ကစားနိုင်ရာ အထူးသဖြင့် ရိုနယ်ဒိုခြေစွမ်းပြကစားနိုင်ခဲ့သည်။ မန်ယူဂိုးသမား တင်ဟောင်းဝပ်လက်စွမ်းပြ ကာကွယ်နိုင်ခဲ့မှုများကလည်း မန်ယူတို့သရေကျအောင် အထောက်အကူပေးနိုင်ခဲ့သည်။

ပရီမီးယားလိဂ်နှင့် ချန်ပီယံလိဂ်တို့တွင် နိုင်ပွဲဝေးနေဆဲ မန်ယူအသင်းမှာ ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲ၌ သရေကျခဲ့ရခြင်းကိုပင် ကျေနပ်ရမည်ဖြစ်သည်။ မန်ယူတို့ ယခုခြေနှင့် ချန်ပီယံလိဂ် ဖလားရယူနိုင်ရန်မလွယ်ချေ။

လေဗာကူဆင်နှင့်ရီးရဲမက်ဒရစ်

ချန်ပီယံလိဂ်အုပ်စု(ခ)မှ လေဗာကူဆင်နှင့် ရီးရဲမက်ဒရစ်တို့ အုပ်စုပွဲစဉ်ကို လေဗာကူဆင်ကွင်း၌ စက်တင်ဘာ ၁၅ရက်က ယှဉ်ပြိုင်ကစားရာလေဗာကူဆင်က မမျှော်လင့်ဘဲ သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

လေဗာကူဆင်က ရီးရဲမက်ဒရစ်အသင်းဘက်ကို တရစပ်တိုက်စစ်ဆင်ကစားရာမှပွဲချိန် ၅၅မိနစ်တွင် ဖရန်ကာ ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို ဘာဘေတော့ဒ်က အပိုင်ကန်သွင်းခဲ့သဖြင့် လေဗာကူဆင်တို့က တတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ချေပဂိုးရရှိရေး ရီးရဲမက်ဒရစ်နည်းပြကမာချိုက ဖိဂိုအစား ဆီလာဒက်၊ ရိုနယ်ဒိုအစား ဆိုလာရီတို့ကို ထည့်သွင်းကစားခဲ့သော်လည်း ချေပဂိုးများပြန်မသွင်းနိုင်သဖြင့် ဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ သမိုင်းတစ်လျှောက် ရီးရဲမက်ဒရစ်ကို အနိုင်မရရှိခဲ့ ဖူးသည့် လေဗာကူဆင်တို့ အိမ်ကွင်း၌ အဖွင့်ပွဲစဉ်တွင် ဂိုးပြတ်သွင်းပြီ အောင်ပွဲခံနိုင်ခဲ့ကြသည်။



ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)မှ လိုင်ယွန်နှင့် မန်ချက်စတာယူနိုက်တက်တို့ပွဲတွင် မန်ချက်စတာယူနိုက်တက်မှ ရိုင်ယန်ဂစ်(ဝ်)ထိုးဖောက်ကစားမှုကို လိုင်ယွန်မှ အလန်းက ဟန့်တားရန် ကြိုးစားခဲ့စဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေဗာကူဆင်နှင့်ရီးယဲမက်ဒရစ်တို့ယခင်က ငါးကြိမ်ဆုံတွေ့ခဲ့ဖူးရာတွင် လေဗာကူဆင်တို့တစ်ကြိမ်မျှ အနိုင်မရရှိခဲ့ပေ။ လေဗာကူဆင်ကွင်း၌ ၁၉၉၈ခုနှစ်က ရီးယဲမက်ဒရစ် နှင့် တစ်ဂိုးစီသရေကျခဲ့ဖူးသည်သာ အမြင့်ဆုံးခြေရည်တူစားနိုင်ခဲ့ရာမှ ယခုပွဲဂိုးပြတ်သွင်းပြီးအနိုင်ယူခဲ့ခြင်းမှာ အံ့အားသင့်စရာ ကောင်းနေသည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများစုစည်းထားသည့် ရီးယဲမက်ဒရစ်အသင်း ပုံမှန်ခြေစွမ်းပျောက်လျက်ရှိပြီး လေဗာကူဆင်၏ဖိကစားခြင်းကိုပင် ခံရချိန်များလျက်ရှိနေသည်။

ရီးရဲမက်ဒရစ်ကို ယခုပွဲတွင် နည်းပြကမာချိုက ၄း၄း၂ပုံစံဖြင့် ကစားခိုင်းခဲ့ရာ ရှေ့တန်းတွင် ရာအူးလ်နှင့် ရိုနယ်ဒိုတို့အပြင် ဖိဂိုနှင့်ဇီဒန်းတို့ကိုလည်း အလယ်တန်းနှင့်တိုက်စစ်ကို တွဲစပ်ပေးထားသည်။ လေဗာကူဆင်ကလည်း ကွင်းလယ်အဓိကကစားကွက်ကိုဘာဘေတော့ဒ်နှင့် ဖရန်ကာတို့ဖြင့် ကစားခဲ့ရာ အံ့ဝင်ခွင်ကျဖြစ်ပြီး ရီးရဲမက်ဒရစ်၏ ကစားကွက်ကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။

ပွဲချိန် ၃၉မိနစ်တွင် လေဗာကူဆင်အလယ်တန်းကစားသမား ဘာဗန်နီဝက်စ်က ဂိုးဧရိယာအစပ်မှ အပြင်းကန်သွင်းရာ ဂိုးဝင်သွားသဖြင့် လေဗာကူဆင်အဖွင့်ဂိုးရရှိသွားသည်။ ပထမပိုင်းတွင် လေဗာကူဆင်က တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့ပြီး ဒုတိယပိုင်းတွင် ရီးရဲမက်ဒရစ်မှ ဇီဒန်းအစား မိုရီယန်တေးစ်ကို အစားသွင်းခဲ့သော်လည်း ရီးရဲမက်ဒရစ် ကွင်းလယ်ကစားကွက် တည်မရဘဲရှိနေရာမှ ပွဲချိန်မိနစ် ၅၀ တွင် လေဗာကူဆင်မှ ဘာရာဇီးကစားသမား ဖရန်ကာက လေဗာကူဆင်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

လီဗာပူးနှင့်မိုနာကို

ချန်ပီယံလိဂ် အုပ်စု(က)မှ လီဗာပူးနှင့် မိုနာကိုတို့ အုပ်စုအဖွင့်ပွဲစဉ်ကို လီဗာပူးကွင်း၌ စက်တင်ဘာ ၁၅ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးကနှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ခြေစွမ်းပြန်လည်ထက်မြက် လာသည့် လီဗာပူးအသင်းသည် အိမ် ကွင်း၌ မိုနာကိုအသင်းကို နှစ်ဂိုးပြတ်သွင်းခဲ့သည့် ခြေစွမ်းမှာ အသိအမှတ်ပြုရမည်ဖြစ်သည်။ ပြီးခဲ့သည့် ချန်ပီယံလိဂ်၌ ဒုတိယ ရရှိခဲ့သည့် မိုနာကို အသင်းကို အိမ်ကွင်း၌ အနိုင်ရအောင် ကစားခဲ့ရာတွင် လီဗာပူးအဓိကကစားသမားများဖြစ်သည့် ဂျရတ်နှင့် ဂါစီယာတို့က များစွာအကျိုးပြုခဲ့သည်။

လီဗာပူးက ကွင်းလယ်ကစားကွက်ကို စိုးမိုးထားနိုင်ပြီး တိုက်စစ်မှူးများထံ ဘောလုံးဖြန့်ဝေမှုများ ထိရောက်ခဲ့သဖြင့် ပွဲချိန် ၂၂မိနစ်တွင် လီဗာပူးအတွက် ဆစ်ဆီက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းက ဦးဆောင်ဂိုးသွင်းခဲ့သဖြင့် မိုနာကိုတို့ ပြန်လည်ဖိကစားသော်လည်း မိုနာကို ရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် ကယ်လွှန်နှင့် ဆာဗီရိုလာတို့က အဆုံးသတ်မှုများ မသေချာခြင်းကြောင့် ချေပဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၈၈မိနစ်တွင် လီဗာပူးမှ တိုက်စစ်မှူး မီလန်ဘားရိုစ့်က တစ်ဂိုးသွင်းယူခဲ့သဖြင့် မိုနာကိုတို့နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ရခြင်းဖြစ်ပြီး လီဗာပူးတို့က ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်၌ သုံးမှတ်အပြည့်ရရှိသွားခြင်းဖြစ်သည်။

အေဂျက်စ်နှင့်ဂျူဗင်းတပ်

ချန်ပီယံလိဂ် အုပ်စု(ဂ)မှအသင်းများဖြစ်သည့် အေဂျက်စ်နှင့် ဂျူဗင်းတပ်တို့ အုပ်စုအဖွင့်ပွဲစဉ်ကို အေဂျက်စ်ကွင်းအမ်စကာဒမ်အရေးမ်အေ၌ စက်တင်ဘာ ၁၅ရက်က ယှဉ်ပြိုင်ကစားရာ ဂျူဗင်းတပ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အေဂျက်စ်နှင့် ဂျူဗင်းတပ်စ်တို့ ယခင်က ခြောက်ကြိမ်တွေ့ဆုံခဲ့ဖူးရာတွင် အေဂျက်စ်က နှစ်ပွဲနိုင်ခဲ့ဖူးပြီး ဂျူဗင်းတပ်စ်က သုံးပွဲနိုင်ကာ တစ်ပွဲသရေကျခဲ့ဖူးသည့် မှတ်တမ်းရှိနေသည်။

ဂျူဗင်းတပ်က အုပ်စု(ဂ) ၌အုပ်စုမှတက်ရန် ရေပန်းစားနေသောအသင်းဖြစ်ပြီး ခြေစွမ်းလည်းတက်နေသော အသင်းဖြစ်သည်။ ပွဲကစားရာတွင် ဂျူဗင်းတပ်ကိုအေဂျက်စ်တို့ အပြန်အလှန် ထိုးဖောက်ကစားနိုင်သော်လည်း ကွင်းလယ်ကစားကွက်တွင် ဂျူဗင်းတပ်ကို မယှဉ်နိုင်ရာ ပွဲချိန် ၄၂မိနစ်တွင် ဂျူဗင်းတပ်မှ နက်ဗက်က အဖွင့်ဂိုးသွင်းပြီး ယင်းဂိုးနှင့်ပင် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အသင်းကြီးများကို ဒုက္ခပေးလေ့ရှိသော အေဂျက်စ်တို့အိမ်ကွင်း၌ပင် ဂျူဗင်းတပ်၏ အနိုင်ယူခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

ချန်ပီယံလိဂ်အုပ်စု အဖွင့်ပွဲစဉ်များတွင် မန်ချက်စတာနှင့် ရီးယဲမက်ဒရစ်တို့ကလွဲပြီး ကျန်နာမည်ကြီးအသင်းများ အနိုင်ရခဲ့ကြရာ အသင်းကြီးများအနေဖြင့် ချန်ပီယံလိဂ်ဖလားရရှိရေးခရီးကြမ်းကို ဆက်လက်ဖြတ်သန်းကြရဦးမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ချန်ပီယံလိဂ်အုပ်စုပွဲစဉ် အနိုင်အရှုံး

လိုင်ယွန် စက်တင်ဘာ ၁၆

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲများကို စက်တင်ဘာ ၁၅ရက်တွင် ဆက်လက်ကျင်းပရာ အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

မန်ယူ	၂	-	၂	**လိုင်ယွန်**
လီဗာပူး	၂	-	၀	**မိုနာကို**
ဘေယာလေဗာကူဆင်	၃	-	၀	**ရီးရဲမက်ဒရစ်**
ဘိုင်ယန်မြူးနစ်	၁	-	၀	**မတ္တာဘီဟိုင်ဖာ**
ဂျူဗင်းတပ်	၁	-	၀	**အေဂျက်စ်အမ်စတာဒမ်**
ဒီပို့တီဗို	၀	-	၀	**အိုလံပီယာကော့စ်**

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား အားကစား

မက်ဒရစ်နှင့် ရိုးမားပွဲ ဇီဒန်းမပါနိုင်

လေဗာကူဆင်(ဂျာမနီ) စက်တင်ဘာ ၁၆

ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဇီးနက်ဒင်းဇီဒန်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် လေဗာကူဆင်အသင်းနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဒဏ်ရာရမှုကြောင့် သုံးပတ်ခန့်အနားယူရမည် ဖြစ်ကြောင်း သိရသည်။

ဇီဒန်းသည် ပထမပိုင်းပြီးခါနီးတွင် လေဗာကူဆင် နောက်တန်းလူ ရိုဂျူးဂျူနီယာနှင့် ဘောလုံးယှဉ်လုရာတွင် ညာဘက်ပခုံးဒဏ်ရာရရှိခဲ့ပြီး လာမည့် စက်တင်ဘာ ၂၈ရက်တွင် ရိုးမားနှင့်ကစားရမည့်ပွဲ၌ ပါဝင်နိုင်မည်မဟုတ်ကြောင်း ရီးရဲမက်ဒရစ်၏ ဝက်ဘ်ဆိုက်တွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကနေဒါအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ နှစ် ၅၀အတွင်း မိုက်ဝီယာ ဖလားရယူ

အွန်တာရီယို စက်တင်ဘာ ၁၅

မိုက်ဝီယာသည် ကနေဒါနိုင်ငံ အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နှစ်ပေါင်း ၅၀အတွင်း မိမိနိုင်ငံ၏ ဖလားကို ပထမဆုံးရရှိသူ ဖြစ်လာသည်။ ၎င်းသည် တတိယအကျော့၌ ရိုက်ချက် ၇၀တွင် တစ်ချက်လျှော့ရိုက်ခဲ့သည်။

ကမ္ဘာ့နံပါတ်တစ် အသစ်စက်စက် ဖီဂျီနိုင်ငံမှ ဗီဂျေဆင်း၊ အမေရိကန်နိုင်ငံမှ ကလစ်ဖ်ခရက်ဂ်နှင့် ဆွီဒင်နိုင်ငံမှ ဂျက်စပါဘာနေဗစ်ခ်တို့သည် ဝီယာနောက်မှလိုက်ကာ ဒုတိယနေရာသာရှိခဲ့သည်။

မိုက်ဝီယာသည် စနေနေ့က ပြိုင်ပွဲတွင် နောက်ဆုံးမြက်ခင်းပေါ်သို့ ရိုက်တင်ကာ သူ၏နောက်ဆုံးအကျော့ ပြိုင်ပွဲကို ဘာဒီဖြင့် အဆုံးသတ်ခဲ့သည်။ ၎င်းသည် စုစုပေါင်းရိုက်ချက် ၂၀၃ ချက်တွင် ၁၀ ချက်လျှော့ရိုက်ခဲ့သည်။

အမေရိကန်မှ ခရက်ဂ်သည် ရိုက်ချက် ၆၇ ချက်တွင် လေးချက်လျှော့ ရိုက်ခဲ့ပြီး ပြိုင်ပွဲကို ပြီးဆုံးစေခဲ့သည်။

ဗီဂျေဆင်းသည် ကျင်းအမှတ် ၁၁တွင် အချက်ပို သုံးချက်ရိုက်ခဲ့ရသဖြင့် ၇၂ချက်တွင် တစ်ချက်ပို သွားခဲ့သည်။

ယင်းကနေဒါ အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒီဂျေဘရစ်မင်က ၆၇ ချက်၊ ဂျိုးအိုဂျယ်ဗီက ၆၉ ချက်ဖြင့် ၂၀၈ ချက်တွင် ငါးချက်လျှော့ရိုက်ကာ ပဉ္စမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ဘေလ်ဟားစ်အပါအဝင် အခြားသော အားကစားသမားများက ၂၀၉ ချက်ရိုက်ကာ ဆဋ္ဌမနေရာ၌သာ ရှိခဲ့သည်။

အမေရိကန် မာစတာချန်ပီယံ ဖီးလ် မိုက်ကယ်ဘွန်သည် နောက်ဆုံးအကျော့ ၇၉ ချက်တွင် ရှစ်ချက်ပိုရိုက်မိ၍ နောက်ဆုံးအဆင့်သာ ရခဲ့သည်။ ၎င်းသည် စုစုပေါင်း ရိုက်ချက် ၂၂၃ ချက်တွင် ၁၀ ချက်လျှော့ရိုက်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဆဲလ်တစ်အသင်းခေါင်းဆောင် တစ်လခန့်အနားယူရမည်

ဂလက်ဂေါ စက်တင်ဘာ ၁၆

ဆဲလ်တစ်အသင်း အသင်းခေါင်းဆောင် ဂျက်ကီမက်နမ်မာရာသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ဆဲလ်တစ်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဒူးဒဏ်ရာရမှုကြောင့် အနည်းဆုံး တစ်လအနားယူရမည်ဖြစ်ကြောင်းသိရသည်။

၎င်းသည် ဒုတိယမြောက်ဂိုးသွင်းရန် ကြိုးစားရာမှ ဘာစီလိုနာအသင်းက ဖျက်ထုတ်စဉ်အတွင်း သူ၏ဒူးခေါင်းမှာ ကျိုးပြီးလိမ်သွားခဲ့ရသည်ဟု ၎င်းအသင်းက ပြောဆိုသည်။ ယင်းဒဏ်ရာရမှုကြောင့် ၎င်းသည် အေစီမီလန်နှင့် ကစားမည့် ပွဲနှင့် အောက်တိုဘာ ၉ရက်တွင် နော်ဝေနှင့် ကမ္ဘာ့ဖလားခြေစစ် ပွဲစဉ် များတွင် ပါဝင်နိုင်ဖွယ်မရှိဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ မြို့တော်စည်ပင်အသင်း ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြို့တော်စည်ပင်အသင်းအတွက် အနိုင်ဂိုးများကို ညွန့်ဝင်းက လေးဂိုး (ပယ်နယ်တီတစ်ဂိုး)၊ အောင်ထွေးမောင်က နှစ်ဂိုး၊ အောင်မြင့်အေးက နှစ်ဂိုးနှင့် ညီညီဇော်က တစ်ဂိုးသွင်းယူပေးသည်။ လယ်ယာ/ဆည်မြောင်းအသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ခင်မောင်လွင်ကတစ်ဂိုး(ပယ်နယ်တီ)နှင့် ထွေးမောင်က တစ်ဂိုး သွင်းယူပေးသည်။

ယနေ့ပွဲ

စက်တင်ဘာ ၁၇ ရက်**(ယနေ့)** ညနေ ၄နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ပို့ဆောင်ရေးအသင်းနှင့် တံခွန်အသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင်အမျိုးသမီးညီလာခံတက်ရန် တရုတ်သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီခေါင်းဆောင်သော အဖွဲ့ဝင် ၁၉ဦးတို့သည် စက်တင်ဘာ ၁၆ရက်မှ ၁၉ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပလျက်ရှိသည့် (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးညီလာခံသို့ တက်ရောက်ရန် စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီ၊ အကြံပေးပုဂ္ဂိုလ် ဒေါ်စိန်စိန်နှင့် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်းသတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ကိုယ်တွေ့ ဝိပဿနာ ရှုပွားနည်းတရားစခန်း

ရန်ကုန် စက်တင်ဘာ ၁၆

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာကမ္မဋ္ဌာန်း နည်းပြ ဆရာကြီးဦးသန်းရွှေ(ဒလ-အုံကြီး)က ကိုယ်တွေ့ ဝိပဿနာရှုပွားနည်း ၁၀ ရက် တရားစခန်းကို စက်တင်ဘာ ၂၀ ရက်မှ ၃၀ ရက်ထိ ဓမ္မရသရိပ်သာ(ဒလ-အုံကြီး)တွင် ဟောပြောပို့ချမည်ဖြစ်သည်။

ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် အောက်တိုဘာ ၁ရက်မှ ၇ရက်ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း၊ ရွှေတိဂုံစေတီတော် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်တွင် အောက်တိုဘာ ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ဟောပြောပို့ချမည်ဖြစ်ကြောင်းသိရသည်။

၁၀ ရက်စခန်းဝင် ယောဂီများသည် စက်တင်ဘာ ၂၀ရက် ညနေ အရောက်လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၆

စိမ်းလဲ့ရွှေပြည်ဂျာနယ်အတွဲ(၁)၊ အမှတ်(၁၀)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် အောင်စည်ဟိန်း၊ တက္ကသိုလ်မြတ်သူ၊ ကြည်လင်း(ဆေး)၊ သျှင်ပညာဇောတ၊ မောင်ကျေးဇူး၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၊ မောင်ကောင်းယဉ်၊ အောင်ကျော်ဖြိုး၊ သက်သက်သင်း(ပညာရေး)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ နှင်းဆီနီနီ(မြန်မာစာ)၊ အေးဝေ(သရက်)၊ ကောင်းဆက်(ကြေး/မြေ)၊ ဖိုးခွားလေး(လှိုင်းဘွဲ့)၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၊ ကျော်ဇင်ဝင်း(ပဲခူး)၊ သော့ချက်(ချင်းပြည်နယ်)၊ သန်းထွန်း(စကု)၊ နန္ဒာထင်လင်း၊ ရင်ခုန်သံ မောင်အေးထွန်းတို့၏ ဖတ်ဖွယ် မှတ်ဖွယ် ဆောင်းပါးများ၊ ဝတီအေးသန်း၊ ကိုနိုင်း(ချင်းတောင်)တို့၏ ကဗျာများ၊ အင်္ဂလိပ်စကားပြော၊ ကုန်ဈေးနှုန်း၊ မိုးလေဝသသတင်းများ၊ ဗေဒင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်းရင်း ဆေးကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။ စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ သတင်းနှင့်စာနယ်ဇင်း အရောင်းဆိုင်၊ စာပေဗိမာန်အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးဆန်းစစ်ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ခုခံကျကာလသားရောဂါတိုက်ဖျက်ရေး လုပ်ငန်းစီမံချက် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ကိုယ်စား Dr. Stephan P. Jost က အမှာစကား ပြောကြားသည်။

အဆိုပါလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးအထောက်အကူပြု ပရိုဂရမ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

ပညာရေးကဏ္ဍတွင် အိုင်စီတီနည်းပညာကို အပြည့်အဝအသုံးချနိုင်ရေး အခွင့်အလမ်းများ ပေါ်ထွက်လာစေရန်နှင့် သင်ကြားရေးအထောက်အကူပြုပရိုဂရမ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် Educational Project Competition for National Level ပြိုင်ပွဲကို မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပရာ ပြိုင်ပွဲတွင် အခြေခံပညာ ကျောင်းသားအဆင့်၊ အလယ်တန်း အဆင့်၊ အထက်တန်း အဆင့်နှင့် ဆရာ ဆရာမများအဆင့် တို့တွင် စုစုပေါင်း ၂၂၆ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ကြေညာထား

ပြိုင်ပွဲဝင်သင်ကြားရေးအထောက်အကူပြုပရိုဂရမ်များ ဆုရရှိသူများစာရင်းကို စက်တင်ဘာ ၁၆ရက်တွင် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံး MICT Park လှိုင်မြို့နယ်တွင် ကြေညာထားပြီး အခြေခံပညာဦးစီးဌာန (၁)၊ (၂)၊ (၃)၊ ပညာရေးစီမံကိန်း လေ့ကျင့်ရေးဦးစီးဌာနနှင့် ဆုရရှိသူများ၏ ကျောင်းများသို့ ပေးပို့ထားပြီးဖြစ်သည်။

မေးမြန်းနိုင်

ပညာရေးအထောက်အကူပြု ပရိုဂရမ်ပြိုင်ပွဲနှင့်အတူ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်ကုမ္ပဏီများမှ ကွန်ပျူတာနည်းပညာဆိုင်ရာ ဆော့ဖ်ဝဲများ၊ ဟာ့ဒ်ဝဲများ၊ ကွန်ပျူတာ ဆက်စပ်သုံးပစ္စည်းများကို ပြသခြင်း၊ နည်းပညာဖလှယ်ခြင်းနှင့် အထူးနှုန်းဖြင့် ရောင်းချခြင်းတို့ကို စက်တင်ဘာ ၂၄၊ ၂၅၊ ၂၆ ရက်များတွင် လှိုင်မြို့နယ် MICT Park ကွန်ဖရင့်ဟောခန်းတွင် ပြုလုပ်မည်ဖြစ်သည်။ ဆုပေးပွဲကို စက်တင်ဘာ ၂၆ရက် မွန်းလွဲ ၂ နာရီတွင် ပြုလုပ်မည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံး ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မွေးနေ့ဆုတောင်း

ချစ်ရတဲ့ဇနီးလေး နီ

စက်တင်ဘာ ၁၇ရက်မှာကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်ခင်ပွန်း"နိုင်"နှင့်အတူ ပန်းခင်းလမ်းကို ထာဝရ လျှောက်လှမ်းနိုင်ပါစေ။ **ချစ်ခင်ပွန်း နိုင်။**

အမြန်ပြန်လာပါ

ထိန်လင်းအောင်

အမြန်ပြန်လာပါ။
အမေ နေမကောင်းဖြစ်နေတယ်။

မကြီး-မြင့်မြင့်ဦး။



ဖခင်အမည်မှန်

အထက(၅)၊ မင်္ဂလာဒုံ၊ နဝမတန်း (B)မှ မယဉ်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးထွေးနီ PGU-၂၀၇၁၅၃ ဖြစ်ပါကြောင်း။ **ဦးထွေးနီ။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မြင့်နိုင်၏ နိုင်ငံကူးလက်မှတ်အမှတ် ၁၇၄၉၃၇ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၅၆၁၂၂၅။**

စက်မှုနိုင်ငံတော်ဖြစ်ရေး ပါဝင်ကြိုးပမ်းဆောင်ရွက်နေသည့် ရွှေပြည်သာစက်မှုဇုန်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ရဲမောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းစေရန် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် မဖြစ်မနေလိုအပ်ပေသည်။

ထို့ကြောင့်ပင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြန်မာ့ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်–

* **စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊**
* **စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေး၊**
* **စက်ပစ္စည်းကိရိယာ အမယ်(အမည်)သစ်များ တိုးတက်ထုတ်လုပ်ရေး၊**
* **စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်ရေး၊**
* **အထက်ပါ အချက်လေးချက်ကို ဆောင်ရွက်ရင်း စက်မှုနိုင်ငံတော်အဖြစ် ပြောင်းလဲရေးအတွက် လိုအပ်သော အခြေခံကောင်းများရရှိရေး**

ဟူသည့် လမ်းညွှန်ချက်များ ချမှတ်ပေးထားသည်။

နိုင်ငံတော်အကြီးအကဲက ၁၉၉၅ ခုနှစ်တွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပြီးနောက် မြန်မာ့စက်မှုလက်မှုကဏ္ဍသည် မူဝါဒရှိရှိ၊ ရည်မှန်းချက်ရှိရှိ စတင်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍသည် ရာခိုင်နှုန်းမြင့်မြင့်မားမားဖြင့် နှစ်စဉ်တိုးတက်လျက်ရှိသည်။ ဖွဲ့စည်းထူထောင်ပေးထားသည့် စက်မှုဇုန်အရေအတွက်သည်လည်း ၁၉ ဇုန်အထိ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့ပေပြီ။

နိုင်ငံတော်က ဖွဲ့စည်းထူထောင်ပေးထားသည့် စက်မှုဇုန် ၁၉ ဇုန်တွင် ရွှေပြည်သာစက်မှုဇုန်သည်လည်း အပါအဝင်ဖြစ်သည်။ ရွှေပြည်သာစက်မှုဇုန်ကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ရွှေပြည်သာစက်မှုဇုန်ကို အပိုင်းလေးပိုင်း ခွဲခြားထားသည်။ စက်မှုမြေကွက်ဧရိယာမှာ ၉၁၆ ဧက ရှိပြီး၊ စက်မှုဇုန် တစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ မြန်မာငွေကျပ်သန်းပေါင်း ၁၉၇၂၈ သန်းကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉၄ သန်းရှိသည်။ ဒေသခံပြည်သူများအပါအဝင် လူဦးရေ ၁၄၀၀၀ နီးပါးကို အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားနိုင်ကြောင်း သိရသည်။

ရွှေပြည်သာစက်မှုဇုန်အတွင်း အထည်ချုပ်လုပ်ငန်း စက်ရုံ ၂၉ ရုံ၊ စားသောက်ကုန်လုပ်ငန်းစက်ရုံ ၅၅ ရုံ၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း ၃၀၊ လျှပ်စစ်ပစ္စည်းလုပ်ငန်းငါးရုံ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်း ၂၂ ရုံ၊ ဓာတုဗေဒလုပ်ငန်း နှစ်ရုံ၊ စက္ကူနှင့်စာရေးကိရိယာလုပ်ငန်းခြောက်ရုံ၊ အအေးခန်းနှင့် ရေခဲစက်လုပ်ငန်း ၁၁ ရုံ၊ ဆောက်လုပ်ရေးပစ္စည်းလုပ်ငန်း တစ်ရုံနှင့် စက်နှင့်စက်ကိရိယာလုပ်ငန်း ၁၁ ရုံ ရှိသည်။ လုပ်ငန်းအမျိုးအစား ၁၀မျိုး၊ စက်ရုံပေါင်း ၁၇၂ ရုံရှိကာ နိုင်ငံတကာအဆင့်မီ စက်ရုံများဖြစ်သည်။ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများနှင့် ပြည်ပပို့ကုန် ပစ္စည်းများ ထုတ်လုပ်တင်ပို့နေသော စက်မှုဇုန်လည်းဖြစ်သည်။

တစ်နေ့လျှင် ဝါယာကြိုးခွေ ၁၀၀၀ ထုတ်လုပ်နေသည့် မြန်မာကေဘယ်ဝါယာကြိုးစက်ရုံ၊ တစ်နေ့ မီးချောင်း ၅၀၀၀၀ ထုတ်လုပ်နေသည့် မြန်မာလိုက်တင်းကုမ္ပဏီ၊ တစ်နေ့ဘက်ထရီအိုး ၄၀၀ ထုတ်လုပ်နေသည့် တိုယိုဘက်ထရီလုပ်ငန်း၊ တစ်နေ့ထရန်စဖော်မာ နှစ်လုံး ထုတ်လုပ်နေသည့် ရန်ကုန်ထရန်စဖော်မာ ကုမ္ပဏီများကဲ့သို့ပင် ကားလေးအင်ဂျင်ပလက်အုံ၊ အင်ဂျင်ဝိုင်ပန့်၊ ရေလည်အုံ၊ ရှော့အိတ်ဇော်ဘား၊ ဂီယာပင်နီယံ၊ ယူနီဗာဆယ်ချိုင့်စသည့် စက်နှင့် စက်ကိရိယာပစ္စည်းများနှင့် သစ်စက်အပိုပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံ စသည့် စက်ရုံအလုပ်ရုံများနှင့် နိုင်ငံတကာအဆင့်မီ စက်ရုံများ များစွာ တည်ရှိသည်။

စက်မှုဇုန်များတွင် သွင်းကုန်အစားထိုး ထုတ်လုပ်မှုအဖြစ် မော်တော်ယာဉ်များ ထုတ်လုပ်ရန်၊ မော်တော်ယာဉ်ထုတ်လုပ်မှု အတွေ့အကြုံနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စက်မှုဇုန်များ၌ မော်တော်ယာဉ်များကို အားကြိုးမာန်တက် ကြိုးပမ်းထုတ်လုပ်လာစေရန်နှင့် စက်မှုဇုန်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာ့မော်တော်ယာဉ် ပြပွဲ-၂၀၀၃ ကျင်းပပြီး အားပေးခဲ့သည်။ စက်မှုဇုန်များအား ဂျစ်၊ ပစ်ကပ်နှင့် ဝက်ဂွန်စသည့် မော်တော်ယာဉ်များ ထုတ်လုပ်ခွင့်ပြုခဲ့သည့်နည်းတူ ရွှေပြည်သာ စက်မှုဇုန်မှလည်း အရည်အသွေးမြင့်မားသည့် မော်တော်ယာဉ်များထုတ်လုပ်လျက်ရှိသည်။

ရွှေပြည်သာ စက်မှုဇုန်ရှိ မြန်မာ့အားမာန် စက်မှုကုမ္ပဏီသည် မြေဧရိယာပေ ၄၀၀ ပတ်လည်တွင် အဆင့်မီစက်ရုံများ တည်ဆောက်ကာ မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ M.A.M Double Cab Mark-I နှင့် Mark-II မော်တော်ယာဉ်များ၊ M.A.M Extra Cab Mark-I မော်တော်ယာဉ်များ၊ M.A.M Wagon Mark-I, Mark-II နှင့် Mark-III မော်တော်ယာဉ်များကို တစ်နှစ်ထက်တစ်နှစ်၊ တစ်စီးထက်တစ်စီး ပို၍ပို၍ အရည်



တပ်ဆင်

ပုံဖိစက်နှင့် ထုတ် လုပ် ပေး သည့် အ စိတ် အပိုင်းအား ဖရိန် များ တပ်ဆင်နေ စဉ်။

အသွေးမြင့်မားစွာ အားကြိုးမာန်တက် ထုတ်လုပ်လျက်ရှိသည်။ မော်တော်ယာဉ်များအားလုံးမှာ လေးဘီးယက် (4 Wheel) များဖြစ်ကာ တောင်ပေါ် မြေပြန့် လမ်းချော လမ်းကြမ်း အသုံးပြုနိုင်၍ လူကြိုက်များလျက်ရှိသည်။

မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းတွင် ရုံးအဖွဲ့၊ လျှပ်စစ်(Wiring)အဖွဲ့၊ ဆေးမှုတ်အဖွဲ့၊ ကားအမိုးကူရှင် (Decration)အဖွဲ့၊ မော်တော်ယာဉ်တပ်ဆင်ရေး (Work Shop)အဖွဲ့၊ ကားဘော်ဒီလုပ်ငန်းအဖွဲ့၊ ကားဖရိန်လုပ်ငန်းအဖွဲ့၊ တွင်ခုံနှင့် စက်ကိရိယာထုတ်လုပ်ရေးအဖွဲ့ စသည်ဖြင့် ကျွမ်းကျင်ပညာရှင်များအပါအဝင် ဝန်ထမ်းအင်အား ၄၆၀ ကျော်အား အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားနိုင်ကြောင်း သိရသည်။

ထုတ်လုပ်

မော်တော်ယာဉ် ကိုယ်ထည်အစိတ် အပိုင်းများအား ပုံဖိစက်ဖြင့် ထုတ် လုပ်နေစဉ်။

မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းတွင် အင်္ဂလန်၊ ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ အမေရိကန်၊ အီတလီ၊ မြန်မာစသည့်နိုင်ငံများမှ ထုတ်လုပ်သော စက်မှုလုပ်ငန်းသုံးပစ္စည်း အမယ်(အမည်)ပေါင်း ၂၅၀ ကျော် (တန်ဖိုး ကျပ်သိန်း ၂၃၄၀ နီးပါး) ဝယ်ယူဖြည့်တင်းအသုံးပြုလျက်ရှိသည်။ စက်မှုဇုန်ထုတ် မော်တော်ယာဉ်များအတွက် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ရသည့် အစိတ်အပိုင်းအများစုကို ပုံဖိပုံထောင်းစက်များ၊ ခုတ်စားစက်များ စသည့်စက်ပစ္စည်းများ အသုံးပြုထုတ်လုပ်လျက်ရှိကြောင်း တွေ့မြင်ရသည်။

မြန်မာ့အားမာန်စက်မှုကုမ္ပဏီ၏ မြန်မာ့အားမာန် မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းမှ လက်ရှိထုတ်လုပ်နေသော ယာဉ်ငယ်များအပြင် နိုင်ငံတော်က တာဝန်ပေးထားသည့် အများသုံးလူစီး ဘတ်စ်ကားကြီးများ၊ ၁၀ဘီး ကုန်တင်ယာဉ်ကြီးများ ထုတ်လုပ်ရေးအတွက်လည်းလုပ်ငန်းများ စနစ်တကျ စတင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

"ဩဂုတ်လ ၂၄ ရက်က ကျင်းပတဲ့ ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးမှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက **ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များကလည်း မိမိတို့စက်မှုဇုန်အလိုက် ဓာတ်ဆီအင်ဂျင်၊ ဒီဇယ်အင်ဂျင်တို့ကို သဘာဝဓာတ်ငွေ့သုံး အင်ဂျင်အဖြစ် ပြောင်းလဲ သုံးစွဲနိုင်သည့် နည်းပညာများကို လေ့လာဆည်းပူးပြီး ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သွားကြရန်** ဖြစ်ကြောင်း မှာကြားသွားပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်နေတဲ့ မြန်မာ့အားမာန် မော်တော်ယာဉ်တွေကိုလဲ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များ ပြောင်းလဲသုံးစွဲနိုင်ဖို့ ပြင်ဆင်မှုတွေ စတင်လုပ်ကိုင်နေပါပြီ"ဟု မြန်မာ့အားမာန် စက်မှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမျိုးဝင်းက ရှင်းပြသည်။

ရွှေပြည်သာစက်မှုဇုန်သည် စက်မှုဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အားပေးကူညီပံ့ပိုးမှုများဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စက်မှုထုတ်ကုန်များ အရေအတွက်နှင့် အရည်အသွေးတိုးတက်မြင့်မားရေး၊ စက်ပစ္စည်းကိရိယာ အမယ်(အမည်)သစ်များ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်ရေး၊ အထက်ပါအချက်များ ဆောင်ရွက်ရင်း စက်မှုနိုင်ငံတော်အဖြစ် ပြောင်းလဲရေးအတွက် လိုအပ်သည့် အခြေခံကောင်းများ ရရှိရေးတို့ကို ဦးတည်ကြိုးပမ်းရင်း နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် တည်ဆောက်နေသည့် အချိန်တွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန် မာ့ အား မာန်မှ ထုတ်လုပ် ထားသည့် Extra Cab Mark-I မော်တော်ယာဉ်။

မြောက်ဥက္ကလာပ မြို့နယ်အမက(၂) ကျောင်း၌အာဟာရ ဖွံ့ဖြိုးရေး ရက် သတ္တပတ်လှုပ်ရှား မှုအဖြစ် အလှူရှင် ဦးကျော်ဌေး-ဒေါ် မြမြသန်း တို့၏ သမီး စတုတ္ထတန်း (ခ)မှ မလာဘ် ဂမုန်းရွှေ မွေးနေ့ အတွက် ကျောင်း သားကျောင်းသူ များအား အုန်းနို့ သာဂူတိုက်ကျွေး ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်နှင့် ဆရာမများ ကြီးကြပ်ကျွေးမွေးကြစဉ်။ (က-ပ)

မြစ်ကြီးနားလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပကောင်းမွန်စေရန် မြို့တွင်းလမ်းများ လမ်းပေါက်နှင့် ချိုင့်ခွက်များမရှိစေရေးအတွက် ဩဂုတ် ၁၆ ရက်က အဖွဲ့ဝန်ထမ်းများ သခင်နက်ဖေလမ်းအား အဖွဲ့ယာဉ်၊ စက်ယန္တရားများဖြင့် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းများ စီမံချက်ချ လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးသိန်းမြင့်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သည်။ **(မြို့နယ် စည်ပင်)**

ပရီမီးယားလိဂ်ပွဲစဉ်(၆)သို့ ခရီးပေါက်လာပြီ မန်ယူနှင့် လီဗာပူး ပွဲကြီးပွဲကောင်းကြည့်ရမည်

ကိုထွေး

ရန်ကုန် စက်တင်ဘာ ၁၆

အင်္ဂလိပ်ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲ တစ်စတစ်စနှင့် အရှိန်ရလာသည်မှာ ပွဲစဉ်(၆)သို့ပင် ခရီးပေါက်လာပြီ ဖြစ်သည်။ စက်တင်ဘာ ၁၅ရက်နှင့် ၁၆ရက်တို့တွင် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ စတင်ကျင်းပခဲ့၍ မန်ယူ၊ အာဆင်နယ်၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့ ပွဲဆက်များကာ ပွဲပန်းမှုဒဏ်ခံရနိုင်သည်။ ပရီမီးယားလိဂ်ပွဲစဉ်(၆)ကို စက်တင်ဘာ ၁၈ရက်၊ ၁၉ ရက်နှင့် ၂၁ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အသင်းကြီးများဖြစ်ကြသည့် အာဆင်နယ်၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် မန်ယူတို့ပွဲကျပ်များ ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဟော်လန်မှ ပီအက်စ်ဗွီနှင့် ကစားပြီးနှစ်ရက်အကြာတွင် ဘော်လတန်နှင့်ကစားရမည်ဖြစ်ရာ ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းနိုင်ခြင်းရှိမရှိစောင့်ကြည့်ရမည် ဖြစ်သည်။ ယခုအပတ်ပွဲစဉ်များအနက် မန်ယူနှင့် လီဗာပူးပွဲသည် ပရိသတ် အကြိုက်တွေ့မည့် ပွဲကောင်းတစ်ပွဲပင် ဖြစ်သည်။

အာဆင်နယ်နှင့်ဘော်လတန်

ယမန်နှစ် ဘောလုံးရာသီ၌ ရှုံးပွဲမရှိ ချန်ပီယံဖြစ်ခဲ့သလို ယခုရာသီအစပိုင်း၌လည်း ငါးပွဲဆက်တိုက် အနိုင်ရရှိထားသော အာဆင်နယ်အသင်း၏ ခြေစွမ်းကို စမ်းသပ်ခံရမည့်ပွဲပင်ဖြစ်သည်။ ချန်ပီယံလိဂ်ပွဲကစားထား၍ ပွဲပန်းနေချိန်၌ အမှတ်ပေးဇယားတတိယနေရာမှ ဘော်လတန်နှင့် ကစားရသည်မှာ နည်းပြအာဆင်ဝင်းဂါးအဖို့ လွယ်ကူသော ကိစ္စတစ်ရပ်တော့ မဟုတ်ပေ။ မန်ယူကို သရေကစားကာ ခြေစွမ်းပြနေသော ဘော်လတန်သည် အာဆင်နယ်ကို အကျပ်အတည်းဖြစ်အောင် လုပ်ခဲ့သည်ချည်းပင်ဖြစ်သည်။

ယမန်နှစ်ဘောလုံးရာသီ ဆုံတွေ့ခဲ့မှု၌ အာဆင်နယ်ကွင်းတွင် အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဘော်လတန်ကွင်း၌ တစ်ဂိုးစီသရေကျခဲ့သည်။ အာဆင်နယ်အသင်း



ပရီမီးယားလိဂ် ပွဲစဉ် (၅) အဲဗာတန်က မန်စီးတီးကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင် သည့် ပွဲတွင် အဲဗာတန် တိုက်စစ်မှူး မားကပ်ဘင့်၏ ခေါင်းတိုက် ဂိုးသွင်းယူမှုအား မန်စီးတီး ဂိုးသမား ဒေးဗစ်ဂျိမ်း ပုတ်ထုတ်ကာကွယ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

တွင် အလီယာဒီရေးတစ်ဦးသာ ထိခိုက်ဒဏ်ရာရထားပြီး ဗီယာရာပြန်ကစားနိုင်ပြီဖြစ်သည်။ အာဆင်နယ်၏ ဂိုးသွင်းစက်များဖြစ်သော အွန်နရီ၊ ရေးယက်စ်၊ ပီရက်စ်၊ ဘားကင့်နှင့် ယွန်းဘတ်တို့ ဒေါင်ဒေါင်မြည် အနေအထားရှိနေခြင်းက အရှုံးဆိုတာ ချိုနဲ့လားဟု မေးစရာဖြစ်နေသည်။ ဘော်လတန်မှ ပီဒါဆန်နှင့် အိုကိုချာတို့ အပျံစားကစားနေသည်မှန်သော်လည်း အာဆင်နယ်နောက်တန်းကို လွယ်လွယ်နှင့်တော့ ကျော်ဖြတ်ဂိုးသွင်းနိုင်ရန် မမြင်မိပေ။ ဟိုက်ဘူရီ၌ ကစားရခြင်းက ပွဲဆက်များသော်လည်း အာဆင်နယ်တို့ အခွင့်အလမ်းတစ်ရပ် ဖြစ်နေသည်။ ဘော်လတန်နည်းပြ ဆမ်အလာဒိုက်အနေဖြင့် အသင်းသားများ ခြေတက်နေခိုက် အာဆင်နယ်၏ ရှုံးပွဲမရှိစံချိန်ကို ရိုက်ချိုးရန် စိတ်ကူးယဉ်ကောင်း ယဉ်နေမည်ဖြစ်သည်။ သို့သော် အာဆင်နယ်က ရစ်သမ်မှန်သော သီချင်းတစ်ပုဒ်သဖွယ် ခြေစွမ်းပြနေလေရာ ပွဲအပြီးတွင် အာဆင်နယ်တို့ သုံးမှတ်ထပ်တိုးသွားပါလိမ့်မည်။

ဘာမင်ဂမ်နှင့်ချာလ်တန်

အိမ်ကွင်းမာသော ဘာမင်ဂမ်ကို ခြေမမှန်သော ချာလ်တန်တို့ အနိုင်ယူဖို့ဆိုသည်မှာ ဖြစ်နိုင်ချေနည်းလှသည်။ ယမန်နှစ်ဘောလုံးရာသီ၌ ဆုံတွေ့ခဲ့စဉ်က ချာလ်တန်ကွင်း၌ တစ်ဂိုးစီသရေကျခဲ့ပြီး ဘာမင်ဂမ်ကွင်း၌ ချာလ်တန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယမန်နှစ် ချာလ်တန်ခြေစွမ်းနှင့် ယခုနှစ် ချာလ်တန်ခြေစွမ်း မတူတော့သည့် အချက်ကို ထည့်တွက်ရမည်ဖြစ်သည်။ ချာလ်တန်က ကစားသမား အပြောင်းအလဲမရှိလှဘဲ ရာသီအစပိုင်း၌ ခြေအတက်အကျ မမှန်ဘဲ ဖြစ်နေသည်။ မန်စီးတီးကို လေးဂိုးပြတ်ရှုံးခဲ့ပြီးနောက် ဆောက်သမ်တန်ကို အိမ်ကွင်း၌ သရေကျခဲ့ပြန်ရာ ချာလ်တန်တို့ အမှတ်ပေးဇယားအောက်သို့ တရွေ့ရွေ့ ဆင်းလာနေသည်။ ဘာမင်ဂမ်ကလည်း လီဗာပူးမှ ဟက်စကီး၊ ဘလက်ဘန်းမှ ဒွိုက်ယော့ခ်တို့ကို အားဖြည့်ထားပါလျက် အနိုင်တစ်ပွဲသာရထားသည်။ ဘာမင်ဂမ် ဂိုးသွင်းအားကောင်း၊ မကောင်းက ယခုပွဲမှ အမှတ်ပြည့်ရမရကို စကားပြောမည်ဖြစ်သည်။ ချာလ်တန်တို့ အဝေးကွင်း၌ သရေဆိုလျှင် ကျေနပ်သင့်ပြီး ဘာမင်ဂမ်နိုင်မည့်ဘက်မှ ဖြစ်နိုင်ချေ ပိုများနေသည်။

ဘလက်ဘန်းနှင့်ပို့စ်မောက်

ဘလက်ဘန်းနည်းပြ ဆောင်းနက် နယူးကာဆယ်သို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။ နယူးကာဆယ်နှင့် ဘလက်ဘန်းပွဲတွင် နည်းပြဆောင်းနက် ပွဲကြည့်စင်မှသာ ကြည့်ခဲ့ပြီး သူ့အသင်းဟောင်းကို နယူးကာဆယ်က သုံးဂိုးပြတ်နိုင်သွားခြင်းကို အံ့ဩနေမည် မထင်ပေ။ အတန်းဆင်းရမည့် အသင်းများထဲတွင် ဘလက်ဘန်းတို့ စာရင်းတို့ခြင်းခံနေရချိန်၌ နည်းပြအပြောင်းအလဲဖြစ်သွား၍ ကစားသမားများ စိတ်ဓာတ်ကျဆင်းသွားနိုင်သည်။ ပို့စ်မောက်က တစ်ပွဲလျော့ ကစားထားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် အဆင့်(၉)၌ ရပ်တည်နေသည်။ မန်ယူလိုအသင်းကြီးကပင် ငါးပွဲကစား၊ တစ်ပွဲသာနိုင်ထားချိန်၌ ပို့စ်မောက်တို့ အခြေအနေကောင်းသည်ဟု ဆိုနိုင်သည်။ ပို့စ်မောက်တို့ ကစားသမားဖြည့်တင်းမှု ထိုက်သင့်သလောက် အကျိုးခံစားနေရသည်။ ပက်ထရစ်ဘာဂါ၊ ယာကူဘူနှင့် လွာလွာတို့ ခြေစွမ်းပြနိုင်ကာ ပွဲစဉ်(၅)၌ အတန်းတက်ခရစ္စတယ်ပဲလေ့စ်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ထားသည်။ ပို့စ်မောက်နည်းပြ ဟာရီရက်နက်ဒ်အဖို့ အိမ်ကွင်း၌ ဘလက်ဘန်းလို အခြေယိုင်နေသောအသင်းနှင့် ကစားရခြင်းအပေါ် ကျေနပ်နေမည်ဖြစ်သည်။ ပို့စ်မောက်အနိုင်ရပြီး သုံးမှတ်ထပ်တိုးရုံသာမက ဂိုးများများ ရသွားလေမလား ထင်မိသည်။

ခရစ္စတယ်ပဲလေ့စ်နှင့်မန်စီးတီး

နိုင်ပွဲအရသာကို မမြည်းစမ်းရသေးသော ခရစ္စတယ်ပဲလေ့စ် လင်းယုန်တို့ အိမ်ကွင်း၌ အနိုင်အတွက် အားထုတ်ကြပေလိမ့်မည်။ ကီဗင်ကီးဂန်း၏ မန်စီးတီးကလည်း အဝေးကွင်းဖြစ်စေဦးတော့ အတန်းတက် ခရစ္စတယ်ပဲလေ့စ်ကို တစ်မှတ်ပင် ခွဲပေးချင်မည်မဟုတ်ပေ။ အတန်းတက်သုံးသင်းအနက် ခရစ္စတယ်ပဲလေ့စ် အားအနည်းဆုံးဖြစ်ပြီး ယခုပုံအတိုင်းဆက်သွားလျှင် ပရီမီးယားလိဂ်၌ တစ်နှစ်သာခံနိုင်သည်။ မန်စီးတီး ခြေမမှန်ဖြစ်နေခြင်းတစ်ခုသာလျှင် ခရစ္စတယ်ပဲလေ့စ်တို့ သရေလောက်သာ မျှော်မှန်းနိုင်သည်။ ချာလ်တန်ကို လေးဂိုးပြတ်နိုင်ခဲ့သည့် မန်စီးတီး၏ ခြေစွမ်းအရဆိုလျှင် ယခုပွဲကလည်း ဂိုးပြတ်နိုင်ဦးမည့်ပွဲပင် ဖြစ်သည်။

နော့ဝစ်ချ်နှင့်အက်စတွန်ဗီလာ

အိမ်ကွင်း၌ ချယ်လ်ဆီးကို သရေကစားပြီး အဆင့်ရှိကြောင်း ပြသနိုင်ခဲ့သည့် အက်စတွန်ဗီလာတို့ အဝေးကွင်း၌ အတန်းတက် နော့ဝစ်ချ်နှင့် ကစားရမည်ဖြစ်သည်။ အနိုင်ကို ရှာမတွေ့သေးသော နော့ဝစ်ချ်က ပွဲစဉ်(၅)၌ တော့တင်ဟမ်ဟော့စပါးကို ဂိုးမရှိသရေကစားပြခဲ့ရာ ပြင်သစ်နည်းပြဟောင်းဂျက် ဆန်တီနီ အောင့်သက်သက်ဖြစ်သွားပေလိမ့်မည်။ တော့တင်ဟမ်ဟော့စပါး ခြေတက်လာပြီဟု ထင်ရသော်လည်း နော့ဝစ်ချ်ကိုသရေကျ၍ အဆင့်(၆)သို့ ဆင်းပေးလိုက်ရသည်။ အက်စတွန်ဗီလာက ကစားအားအရာတွင် အကောင်းဆုံးအနေအထား ဖြစ်နေသည်။ အက်စတွန်ဗီလာ ရှေ့တန်းမှ ဗက်ဆဲလ် ဂိုးသွင်းစွမ်းရည်ကျဆင်းနေခြင်းကို တော့ မေ့မထားသင့်ပေ။ အက်စတွန်ဗီလာ ဂိုးများများ မရသည့်တိုင် အနိုင်ဆိုသည့်ဘက်က စိတ်ချ၍ရသည်။

ဝက်စ်ဘရွန်းနှင့်ဖူဟမ်

မထင်မှတ်ဘဲ ကြည့်ကောင်းနိုင်သော ပွဲတစ်ပွဲဖြစ်သည်။ အတန်းတက်သုံးသင်းထဲ၌ ဝက်စ်ဘရွန်းခြေစွမ်းခြေစမသေးဘဲ အသင်းကြီးများကို ခံကစားနိုင်သည်။ သို့သော် ပွဲစဉ်(၅)၌ လီဗာပူးကိုမလှန်နိုင်ဘဲ သုံးဂိုးပြတ်အသွင်းခံလိုက်ရသည်။ ဖူဟမ်ကလည်း တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးကာ (၄)မှတ်သာရထားသည်။ ဆာဟာ ပြောင်းသွားပြီးကတည်းက ဖူဟမ်အခြေအနေ တိုးတက်မှုမရှိဘဲ ဖြစ်နေသည်။ ကစားပြီး ငါးပွဲတွင် ၁၀ဂိုးအသွင်းခံထားရသည်မှာနောက်တန်းပြဿနာ ရှိနေသည်။ အတန်းတက်အသင်းများထဲမှ ယခုအပတ်၌ အနိုင်ကို တစ်သင်းသင်းရှာဖွေတွေ့နိုင်ခဲ့မည်ဆိုလျှင် ထိုအသင်းမှာ ဝက်စ်ဘရွန်းသာ ဖြစ်ဖွယ်ရှိသည်။ သို့သော် ပရီမီးယားလိဂ် အတွေ့အကြုံများနေသည့် ဖူဟမ်က ပွတ်ကာသီကာဖြစ်စေ အနိုင်ရသင့်သည်ကတော့ အမှန်ပင်ဖြစ်သည်။

ဆောက်သမ်တန်နှင့်နယူးကာဆယ်

စိန့်မေရီကွင်း၌ ဆောက်သမ်တန်တို့ ရလဒ်ကောင်းများ ရှိခဲ့ဖူးသည်ဖြစ်ရာ နယူးကာဆယ် ငှက်ကျားတို့ကို လက်ချည်းဗလာ ပြန်ခိုင်းမည်ဆိုလျှင် ဖြစ်နိုင်စရာရှိသည်။ ဆာဘော်ဘီရော့ဆင်နေရာဆက်ခံသော နည်းပြ ဆောင်းနက်အနေဖြင့် အလန်ရှီးယားကိုတော့ဖြင့် ပထမတဘထွက်အသင်း၌ မဖြစ်မနေ ထည့်ရပေလိမ့်မည်။ ငှက်ကျားတိုက်စစ်မှူး ခရိတ်ဘယ်လာမီနှင့် ကလွိုက်ဗက်တို့ကို တစ်လှည့်စီနေရာပေးရမည့်အနေအထားဖြစ်သည်။ ဆောက်သမ်တန်က ချာလ်တန်နှင့်သရေကျထားပြီးအနိုင်တစ်ပွဲမှ တက်မလာသေးပေ။ ဘလက်ဘန်းကို သုံးဂိုးပြတ်နိုင်ပြီး ပွဲစဉ်(၅)၌ အနိုင်၏အရသာကို စတင်မြည်းစမ်းနိုင်ခဲ့သည့် နယူးကာဆယ်တို့ စိတ်ဓာတ်ရေးရာ မြင့်မားနေမှုက စိန့်တို့ကို အခက်အခဲ တွေ့စေမည်ဖြစ်သည်။ နှစ်သင်းစလုံး ခြေစွမ်းအားဖြင့် မတိမ်းမယိမ်းသာရှိ၍ သရေပွဲဖြစ်သွားမည်ဆိုလျှင်လည်း လက်ခံစရာရှိသည်။ သရေမကျဘဲ အနိုင်အရှုံးပေါ်ခဲ့သည်ရှိသော် နည်းပြသစ်နှင့် စိတ်သစ်လူသစ် နယူးကာဆယ် ငှက်ကျားတို့ နိုင်သည့်ဘက်က ရပ်ချင်မိသည်။

အဲဗာတန်နှင့် မစ်ဒယ်ဘရော့

စက်တင်ဘာ ၁၉ရက် မြန်မာစံတော်ချိန် ညရနာရီခွဲ၌ ယှဉ်ပြိုင်ကစားမည့် အဲဗာတန်နှင့် မစ်ဒယ်ဘရော့ပွဲသည် ခြေညီသော အသင်းများဖြစ်၍ ကြည့်ကောင်းမည်ဖြစ်သည်။ ယမန်နှစ်ဆုံတွေ့ခဲ့မှု၌ အဲဗာတန်ကွင်း၌ တစ်ဂိုးစီ သရေ၊ မစ်ဒယ်ဘရော့ကွင်း၌ ဂိုးမရှိသရေကျခဲ့သည်။ အဲဗာတန်က ဝိန်းရူနီ မရှိသော်လည်း အသင်းအခြေအနေမှာ အဆိုးရွားကြီး ဖြစ်မသွားသေးပေ။

မစ်ဒယ်ဘရော့ရော အဲဗာတန်ပါ ငါးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးကာ ၁၀ မှတ်စီ တူညီနေကြသည်။ နှစ်သင်းစလုံး အာဆင်နယ်ကို ရှုံးခဲ့ခြင်းဖြစ်ပြီး နိုင်သင့်သော ပွဲများနိုင်ခဲ့ကြသည်။ မစ်ဒယ်ဘရော့က ရိုင်ဇီဂါနာခနေသော်လည်း အရန်အင်အားတောင့်တင်းမှုရှိသည်။ အဲဗာတန်က လူအင်အား ထပ်မံဖြည့်တင်းရမည့် အနေအထားဖြစ်ပြီး ရှိသည့်လူနှင့် အကောင်းဆုံးဖြစ်အောင် လုပ်နိုင်သော နည်းပြ မိုရက်စ်ကို ချီးကျူးရမည်ဖြစ်သည်။ အဲဗာတန်တို့ အိမ်ရှင်ဆိုသည့် အားသာချက်ဖြင့် အနိုင်ကိုမျှော်မှန်းထားမည်ဖြစ်သော်လည်း အလွန်ဆုံး သရေနှင့်သာ ကျေနပ်ရဖွယ်ရှိသည်။ မစ်ဒယ်ဘရော့ နိုင်မည်ဟု မဲတင်းနိုင်သော်လည်း ပါးပါးလေးသာဖြစ်မည်ကို ထည့်စဉ်းစားသင့်သည်။

ချယ်လ်ဆီးနှင့် တော့တင်ဟမ်ဟော့စပါး

ဗီလာပတ်၌ အက်စတွန်ဗီလာကို သရေကျခဲ့ခြင်းက မော်ရင်ဟို အပြောကြီးသလောက် ချယ်လ်ဆီးမဟန်သေးဟု ဆိုရပေမည်။ အဝေးကွင်းစမ်းသပ်ပွဲ၌ ရလဒ်မကောင်းခဲ့သော ချယ်လ်ဆီးက တော့တင်ဟမ်ဟော့စပါးကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ရာ လွယ်ကူလှသည်တော့ မဟုတ်ပေ။ ဂျက်ဆန်တီနီ၏ တော့တင်ဟမ်ကလည်း သရေကလွဲလျှင် ရှုံးပွဲမရှိသေး၍ ချယ်လ်ဆီးကို ပခုံးချင်းယှဉ်နိုင်သည်။ စတန်းဖို့ဒ်ဘရစ်၌ ကစားရသည့်အချက်ကသာ ချယ်လ်ဆီးကို မျက်နှာသာမပေးခဲ့လျှင် ယခုပွဲကို သရေဆိုသည်ထက် ပို၍စဉ်းစားနေရန် အကြောင်းမရှိပေ။ ချယ်လ်ဆီးအနေဖြင့် အက်စတွန်ဗီလာကို နိုင်သင့်သော်လည်း ဂိုးကံခေခဲ့ခြင်းနှင့် တိုက်စစ်မှူး ဒရော့ဘာ ဂိုးရလိုမှုစော၍ အခွင့်အရေးများ အရာမထင်ခဲ့ခြင်းဖြစ်သည်။

ဒရော့ဘာဟန်ဆောင်လှဲချသည်ဆိုကာ အဝါကတ်ပြခဲ့ခြင်းကို ဒိုင်ကမှားယွင်းကြောင်း ဝန်ခံ၍ ပယ်ဖျက်ပေးလိုက်ပြီဖြစ်သည်။ ဒရော့ဘာ၏ကစားဟန်မှာ လက်ရှိအနေထားအရ ဂိုးသွင်းအားနည်းသော်လည်း တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာမည်ဖြစ်သည်။ မန်ယူကို နစ္စတယ်ရွှိုင်းရောက်စက ဖာဂူဆန် စိတ်ရှည်ခဲ့ရသလို မော်ရင်ဟိုအနေဖြင့် ဒရော့ဘာကို စိတ်ရှည်ရှည်နှင့် စောင့်ရမည်ဖြစ်သည်။ ယမန်နှစ်နွေရာသီ ဆုံတွေ့မှုအရ တော့တင်ဟမ်ကွင်း၌ ချယ်လ်ဆီးက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ချယ်လ်ဆီးကွင်း၌ ချယ်လ်ဆီးက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။ တော့တင်ဟမ်က နည်းပြသစ်နှင့် အသွင်သစ်ဖြစ်လာသလို ချယ်လ်ဆီးကလည်းနည်းပြသစ်နှင့်အသင်းသစ်ဖြစ်နေသည်။ အပြိုင်သစ်ကြချင်းအတူတူ ချယ်လ်ဆီးက နှာတစ်ဖျားအသာဖြင့် ပွတ်ကာသီကာ အနိုင်ရသွားပေလိမ့်မည်။ ချယ်လ်ဆီးနှင့် တော့တင်ဟမ်ပွဲကို စက်တင်ဘာ ၁၉ရက် မြန်မာစံတော်ချိန် ည ၈နာရီခွဲ၌ပင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မန်ယူနှင့် လီဗာပူး

ပရီမီးယားလိဂ်၌ မန်ယူနှင့်လီဗာပူးတို့မှာ ပြိုင်ဆိုင်မှုမြင့်မားသော ပြိုင်ဘက်များဖြစ်ကြသည်။ မန်ယူတို့ သူ့ရဲနီ ဟူသောဂုဏ်ပုဒ်ဖြင့် မော်ကြွားနိုင်သည့်ကာလတုန်းကပင်လျှင် လီဗာပူးတို့က မန်ယူကို နှာလန်မထူအောင်လုပ်ခဲ့ဖူးသည်။ ယမန်နှစ်ဘောလုံးရာသီဆုံတွေ့မှု၌ မန်ယူကွင်း အိုးထရက်ဖို့၌ လီဗာပူးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး လီဗာပူးကွင်း အန်ဖီးလ်၌ မန်ယူက လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ မန်ယူကွင်း အိုးထရက်ဖို့၌ မန်ယူက လီဗာပူးကို လေးဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည့် ပွဲသာလျှင် ဂိုးကွာခြားမှုအများဆုံး ရှိခဲ့ဖူးသည်။

မန်ယူတွင် နစ္စတယ်ရွှိုင်းကစားနေပြီဖြစ်သလို ယခုပွဲစဉ်၌ အဲဗာတန်မှပြောင်းလာသော ဝိန်းရူနီ ပါဝင်လာဖွယ်ရှိသည်။ မန်ယူ တိုက်စစ်အားကောင်းလာသည်ဆိုဦးတော့ နောက်တန်းအပေါက်ကြီးကို မပိတ်နိုင်သေးပေ။ ဖာဒီနန် ကစားခွင့်မရမချင်း မန်ယူနောက်တန်းက အိတ်ပေါက်နှင့် ဖားကောက်သလိုဖြစ်နေသည်။ မန်ယူတို့ငါးနှစ်အတွင်း အဆိုးရွားဆုံး ရလဒ်များ ဖြစ်ပေါ်နေချိန်တွင် လီဗာပူးနှင့် ရင်ဆိုင်ရသည်မှာ အရှုံးကို လက်ယပ်ခေါ်သည့်အလား ဖြစ်နေသည်။ မန်ယူက ငါးပွဲကစားရာတွင် အတန်းတက် နော့ဝစ်ချ်ကိုသာနိုင်ပြီး အဲဗာတန်၊ ဘလက်ဘန်းနှင့် ဘော်လတန်တို့ကို သရေကျထားသည်။ လီဗာပူးက နည်းပြသစ် ဘင်နီတက်ဇ်၏ လက်ထက်တွင် အသင်းအထိုင်မကျသေးသော်လည်း ရလဒ်အဆိုးရွားကြီး မဟုတ်သေးပေ။ မန်ယူဘက်၌ အိမ်ရှင်ဆိုသည့် အချက်ကလွဲလျှင် ဝိန်းရူနီကိုသာ အားထားစရာရှိသည်။ သရေပွဲဖြစ်နိုင်ချေများပြီး အနိုင်အရှုံးပေါ်လျှင် လီဗာပူး အနိုင်သာဖြစ်မည်ဟုထင်မိသည်။ မန်ယူနှင့် လီဗာပူးပွဲကို စက်တင်ဘာ ၂၁ရက်မြန်မာစံတော်ချိန် နံနက် ၁နာရီခွဲ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပရီမီးယားလိဂ်ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	အာဆင်နယ်	၅	၅	၀	၀	၁၉	၅	၁၅
၂	ချယ်လ်ဆီး	၅	၄	၁	၀	၆	၁	၁၃
၃	ဘော်လ်တန်	၅	၃	၁	၁	၉	၆	၁၀
၄	မစ်ဒယ်ဘရော့	၅	၃	၁	၁	၁၁	၉	၁၀
၅	အဲဗာတန်	၅	၃	၁	၁	၇	၆	၁၀
၆	တော့တင်ဟမ်	၅	၂	၃	၀	၄	၂	၉
၇	အက်စတွန်ဗီလာ	၅	၂	၂	၁	၇	၆	၈
၈	လီဗာပူး	၄	၂	၁	၁	၆	၃	၇
၉	ပို့စ်မောက်	၄	၂	၁	၁	၉	၇	၇
၁၀	ချာလ်တန်	၅	၂	၁	၂	၆	၉	၇
၁၁	မန်ယူ	၅	၁	၃	၁	၅	၅	၆
၁၂	နယူးကာဆယ်	၅	၁	၂	၂	၉	၉	၅
၁၃	မန်စီးတီး	၅	၁	၁	၃	၆	၅	၄
၁၄	ဘာမင်ဂမ်	၅	၁	၁	၃	၃	၅	၄
၁၅	ဖူဟမ်	၅	၁	၁	၃	၆	၁၀	၄
၁၆	ဆောက်သမ်တန်	၅	၁	၁	၃	၅	၈	၄
၁၇	ဝက်စ်ဘရွန်း	၅	၀	၃	၂	၄	၈	၃
၁၈	နော့ဝစ်ချ်	၅	၀	၃	၂	၅	၉	၃
၁၉	ဘလက်ဘန်း	၅	၀	၂	၃	၄	၁၁	၂
၂၀	ခရစ္စတယ်ပဲလေ့စ်	၅	၀	၁	၄	၄	၁၁	၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
(၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖြေဆိုအောင်မြင်ခဲ့သည့် စိုက်ပျိုးရေးမဟာသိပ္ပံ(ဘွဲ့)၊ စိုက်ပျိုးရေးမဟာဒဿန(ဘွဲ့)၊ ၂၀၀၃ ခုနှစ် မတ်လ၊ ၂၀၀၄ ခုနှစ် မတ်လနှင့် ၂၀၀၄ ခုနှစ် စက်တင်ဘာလ စိုက်ပျိုးရေးသိပ္ပံ(ဘွဲ့) အောင်မြင်သူများ လျှောက်ထားနိုင်သည်။

ကျင်းပမည့်နေ့	- ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၆)ရက်၊ စနေနေ့
ကျင်းပမည့်အချိန်	- နံနက်(၈)နာရီ
ကျင်းပမည့်နေရာ	- ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ
ဘွဲ့နှင်းသဘင်ကြေး	- ၁၅၀ဝိ/
အဝေးရောက်ဘွဲ့ကြေး	- ၁၀၀ဝိ/
အစမ်းလေ့ကျင့်ရက်	- ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ(၅)ရက်၊ သောကြာနေ့
အစမ်းလေ့ကျင့်မည့်အချိန်	- မွန်းလွဲ(၂)နာရီ
လျှောက်လွှာပိတ်ရက်	- ၁၅-၁၀-၂၀၀၄ (သောကြာနေ့)

မှတ်ချက်။ ။
(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရမည်။
(၂) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရိုက်ကူးထားသော (၂လက်မ X ၁½ လက်မ) ကာလာဓာတ်ပုံ(၃)ပုံ ပူးတွဲပါရှိရမည်။
(၃) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာဖြင့်သော်လည်းကောင်း၊ ဘဏ်တိုက်များမှ ငွေလွှဲ၍သော်လည်းကောင်း ပေးပို့နိုင်ပြီး ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေး၊ လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်တို့ကို တိကျစွာဖော်ပြရမည်။
(၄) ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ရက်၊ ဘွဲ့ယူမည့်ရက်များတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ ဥရောပဝတ်စုံများမှ ကြိုက်နှစ်သက်ရာကို ဝတ်စုံပြည့်ဝတ်ဆင်ရမည်။
(၅) ဘွဲ့ဝတ်စုံငှားရမ်းလိုသူများသည် ဘွဲ့နှင်းသဘင်ကြေးပေးသွင်းပြီးကြောင်းငွေရပြေစာတင်ပြလျက် ဤတက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများကို (၁-၁၁-၂၀၀၄)ရက် တနင်္လာနေ့မှစ၍ ထုတ်ယူရန်ဖြစ်ပါသည်။
